# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၅၇)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**
* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ စစ်သံမှူးများအားလက်ခံတွေ့ဆုံ



ရန်ကုန် နိုဝင်ဘာ ၂၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ စစ်သံမှူး Colonel ʿIhsan ʿUl ʿHaq နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Zafar Jamil တို့အား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

**ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ စစ်သံမှူး Colonel ʿIhsan ʿUl ʿHaq အား လက်ခံတွေ့ဆုံစဉ်** (ဝဲပုံ) **နှင့် စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်မည့် ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံစစ်သံမှူး Colonel Zafar Jamil အား တွေ့ဆုံနှုတ်ဆက်စဉ်။** (ယာပုံ) **(သတင်းစဉ်)**



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

# တန်ဆောင်မုန်းလပြည့်နေ့ ကုသိုလ်ကောင်းမှုပြု ကထိန်အကျိုးတရား ပွားများဆင်ခြင် လှူဒါန်း

**ယနေ့သည် ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်သည်။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဘာသာရေးနှင့်သက်ဆိုင်သည့် ပွဲတော်များစွာရှိသည့်အနက် တန်ဆောင်မုန်းလ၌ကျင်းပသော ကထိန်ပွဲတော်သည်လည်း ထင်ရှားသည်။

တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် သာမညဖလအခါတော်နေ့ အခမ်းအနားကို ကျင်းပကြသည်။

ယခုအခါ ကထိန်ကာလဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာများ၊ ရပ်ကွက်များ၊ ဈေးများ၊ ကျောင်းများနှင့် အသင်းအဖွဲ့များ၌ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းကြသည့် အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ရှိနေကြသည်။

ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်းသာ ခင်းကျင်းလှူဒါန်းရခြင်း ဖြစ်သည်။

ကထိန်ဟူသော ဝေါဟာရသည် ကထိနဟူသော ပါဠိမှဆင်းသက်လာခြင်းဖြစ်ပြီး အဓိပ္ပာယ်မှာ မြဲမြံခြင်း၊ ခိုင်ခံ့ခြင်းဖြစ်၍ ခိုင်မြဲခြင်းအကျိုးတရား ငါးပါးကို ရရှိစေသည်ဟု သိရသည်။

ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းဖြင့် ရဟန်းတော်များသာမက အလှူရှင်များလည်း ကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းရသော အကျိုးတရားငါးပါးကို ရရှိစေပေသည်။

ကထိန်ခံသော ရဟန်းသံဃာတော်များသည် ရဟန်းတစ်ပါးပါးကို မပန်ကြားဘဲ မြို့တွင်း၊ရွာတွင်း ဆွမ်းစားပင့်သည့်အိမ်သို့ သွားနိုင်ခြင်း၊ အဓိဋ္ဌာန်တင်ထားသည့် သင်္ကန်းမပါဘဲ ခရီးသွားနိုင်ခြင်း၊ ဒါယကာတို့ မပြောအပ်သောစကားဖြင့် ဖိတ်ကြားသည့်ဆွမ်းကို စားနိုင်ခြင်း၊ ရရှိသမျှသော သင်္ကန်းတို့ကို ဝိနည်းကံမပြုဘဲ ထားရှိနိုင်ခြင်းနှင့် ကထိန်ခင်းသောကျောင်း၌ ဖြစ်ပေါ်သမျှသော သင်္ကန်းများကို အညီအမျှ ခွဲဝေယူနိုင်ခြင်း အကျိုးတရားငါးပါးကို ရရှိစေပေသည်။

ထို့အတူ ကထိန်သင်္ကန်းလှူသော ဒါယကာ၊ ဒါယိကာမများတွင်လည်း အချုပ်အချယ်၊ အတား အဆီးမရှိ မိမိလိုရာအရပ်သို့ သွားနိုင်ခြင်း၊ နိဗ္ဗာန်မရမီစပ်ကြား ဘဝများစွာ၌ ပြုလုပ်သမျှသော ကိစ္စအဝဝတွင် ဝန်မလေးခြင်း၊ ဝတ်ဆင်၍ မကုန်နိုင်လောက်အောင် အဝတ်တန်ဆာ၊ စည်းစိမ်ဥစ္စာတို့ ပေါများ၍ မိမိကိုယ်တိုင် စိတ်ချမ်းသာစွာ သုံးနိုင်ခြင်း၊ မိမိစားသုံးသော အစားအစာများမှာ ပေါများ၍ အဆိပ်အတ္တရာယ်မရှိခြင်းနှင့် မိမိစည်းစိမ်ဥစ္စာများမှာ ရန်သူမျိုးငါးပါးကြောင့် ပျက်စီးဆုံးရှုံးမှုမရှိခြင်းတည်းဟူသော အကျိုးတရားငါးပါးကို ခံစားရရှိကြောင်း သိရသည်။

ကထိန်ပွဲတော်သည် ဘာသာရေးကို အခြေခံသည့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ပွဲတော်ပင် ဖြစ်သည်။

တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်သာမက တန်ဆောင်မုန်းလပြည့်နေ့၌ သာမညဖလအခါတော်နေ့ အခမ်းအနားများကိုလည်း သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိသည်။ သာမညဖလ ဒေသနာတော်တွင် ကိလေသာကင်းသည့် ချမ်းသာခြင်း၊ အပြစ်မရှိ ချမ်းသာခြင်း၊ ဈာန်သမာပတ်အားဖြင့် ချမ်းသာခြင်း၊ ထူးသောဉာဏ်ဖြင့် ချမ်းသာခြင်းနှင့် မဂ်တရား၊ ဖိုလ်တရားရခြင်းဖြင့် ချမ်းသာခြင်းဟူသော အကျိုးကျေးဇူးများကို ဟောကြားထားသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) တွင် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုပြုကြရင်း တန်ဆောင်မုန်းလ ကထိန်ပွဲတော်တွင် လှူဒါန်းကြသော အလှူရှင်များသည်လည်း ကထိန်အကျိုးတရားများကို ပွားများဆင်ခြင်၍ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းနိုင်ကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




## မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

**၁၃၆၆ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပမည့် စာအုပ်ဈေးပွဲတော်ကို ဒီဇင်ဘာ ၃ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာနတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

**မပျက်မကွက်တက်ရောက်**

စာအုပ်ဈေးပွဲတော်တွင် ပါဝင်ခင်းကျင်းပြသရောင်းချလိုသည့် စာအုပ်ဆိုင်များသည် ပါဝင်ရောင်းချလိုသည့် ဆိုင်ခန်းအရေအတွက်ကို နိုဝင်ဘာ ၂၅ရက်မှစတင်၍ ဆိုင်ခန်းနေရာချထားရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဖုန်း ၂၀၀၅၁၂၊ ၂၀၂၀၈၉နှင့် အတွင်းရေးမှူး ဦးကြိုင်မြင့် (ဝါမိုးအောင်စာပေ) ဖုန်း-၂၄၃၁၈၂တို့ထံတွင် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီတွင် စာအုပ်ဈေးပွဲတော် ကျင်းပမည့် အဆိုပါအဆောက်အအုံသို့ ဆိုင်ခန်းပါဝင်ရောင်းချလိုသူကိုယ်တိုင် မပျက်မကွက်တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ရေဒီယိုအသံလွှင့်ဇာတ်လမ်း ထုတ်လွှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ဒီဇင်ဘာ ၁ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ (World AIDS Day)ကို ကြိုဆိုဂုဏ်ပြုသည့်အနေနှင့် စာရေးဆရာဒါရိုက်တာမောင်ရှိန်း၏ အေအိုင်ဒီအက်စ် ကာကွယ်နည်း စာအုပ်တွင် ပါရှိသော ဝတ္ထုကို မြန်မာ့အသံ သိန်းဟန် ဇာတ်ညွှန်းရေးသားပြီး ယဉ်ယဉ်လှ စီစဉ်ထုတ်လွှင့်မည့် **“အစသုညအဆုံးနတ္ထိ”** ရေဒီယိုအသံလွှင့် ဇာတ်လမ်းကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်နှင့် ဒီဇင်ဘာ ၁ ရက်များတွင် ည ၇း၁၅ နာရီ အချိန်၌ မြန်မာ့အသံ မြန်မာပိုင်း အစီအစဉ်မှ ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းရေဒီယို အသံလွှင့်ဇာတ်လမ်းတွင်စတီရီယိုတေးသံရှင်ရွှေထိုက်၊ ရုပ်ရှင်သရုပ်ဆောင် သတ္တိ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီမြတ်ကေသီအောင်နှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်အသံသွင်းထားကြောင်း သိရသည်။**(အောက်ပုံ)** **(သတင်းစဉ်)**



## မြဝတီရုပ်မြင်သံကြား

**၂၆-၁၁-၂၀၀၄**

**(သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၄၀ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၄၅ ၇။ မျိုးချစ်တပ်မတော်
- ၄း၅၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Public International Law. (တတိယနှစ်၊ ဥပဒေ)
- ၅း၃၅ ၁၀။ ပညာခေတ်
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သပွတ်အူပမာ”** (အပိုင်း-၅)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား”**(ဒုတိယတွဲ) (အပိုင်း-၃၂)ဇာတ်သိမ်း

# မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲများ ရွှေတိဂုံ၊ ဗိုလ်တထောင်နှင့် ကျိုက္ကစံစေတီတော်၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ အကြိမ်(၂၀)မြောက် မသိုးသင်္ကန်းရက် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (ယနေ့) ညနေ ၅နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေ၌ကျင်းပသည်။**

ရှေးဦးစွာ မင်္ဂလာအောင်စည် အောင်မောင်းများနှင့်ဝတ်အသင်းများ ကရွှေတိဂုံစေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကန်တော့ကြသည်။

ထို့နောက် အကြိမ်(၂၀)မြောက် မသိုးသင်္ကန်းရက် ကပ်လှူပူဇော်ပွဲ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင်ဦးကြီးမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များကမသိုးသင်္ကန်းရက် ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပရေး ကော်မတီ ကြီးကြပ်ရေးအဖွဲ့က ခေါင်းလောင်းတီး အချက်ပေးကာမသိုးသင်္ကန်းရက်ပြိုင်ပွဲ စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ကြသော ရက်ကန်းစင်များမှာ ဓမ္မဂုဏ်ရောင်အသင်းကကံ့ကော်စင်တော်၊ စေတနာရှင်ဆွမ်းတော်ကပ်အသင်းက စကားဝါစင်တော်၊ အင်္ဂါသမာဓိအသင်းက မြတ်လေးစင်တော်၊ ဗုဒ္ဓဟူးညနေသန့်ရှင်းရေးအသင်းက ပုန်းညက်စင်တော်၊ ရေကြည်တော်ဝတ်အသင်းက ခတ္တာစင်တော်၊ ရန်ကုန်မြို့မ ဗဟိုတံမြက်လှည်းအသင်းက ယင်းမာစင်တော်၊ တနင်္ဂနွေညသန့်ရှင်းရေးအသင်းက သဇင်စင်တော်၊ ဇောဓိမဏ္ဍိုင်အထူးသန့်ရှင်းရေးအသင်းက ခွာညိုစင်တော်၊ ဗုဒ္ဓသာသနဟိတသန့်ရှင်းရေးအသင်းက သရဖီစင်တော်များဖြင့် မသိုးသင်္ကန်းရက်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



**တန်ဆောင်မုန်းလပြည့် အကြိုညက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ရောင်စုံမီးများ ထွန်းညှိပူဇော်ထားသည်ကို သပ္ပာယ်စွာဖူးတွေ့ရစဉ်။**

**(မြန်မာ့အလင်း)**

## ဗိုလ်တထောင်စေတီတော်

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးတွင် ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ပြန့်ပွားစေရေးနှင့် မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုအား ထိန်းသိမ်းစောင့်ရှောက် ဖော်ဆောင်သည့် ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် (၂၂)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်ခတ်ယှဉ်ပြိုင် ဆက်ကပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် စေတီရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သား ပေါင်းစုံ ဓမ္မာရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းက အဖွင့်အမှာစကားပြောကြားကာ တာဝန်ခံအလှည့်ကျဂေါပက ဦးခင်မောင်ဝင်းက စီစဉ်ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ဖဲကြိုးဖြတ်

ထို့နောက် ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းက မသိုးရွှေကြာသင်္ကန်း ရက်ခတ်ပြိုင်ပွဲနှင့် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ကံထူးဆုငွေသား မိုးပုံပူဖောင်းများဖြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအပြီးတွင် ဒေဝစ္ဆရာ၊ဂေါတမီ၊ ရူပမာလာ၊ မဏိမေခလာ၊ သီရိစန္ဒာ၊ ယသော်ရော၊ ဝဏ္ဏပဘာ၊ ပပဝတီ၊ ခေတုကလျာ၊ မယ်တော်မာယာ စသည့် ရက်ကန်းစင် ၁၀ စင်ဖြင့် မသိုးသင်္ကန်းများ ယှဉ်ပြိုင် ရက်ခတ်ကြကာ ဝိနည်းတော်နှင့် အညီ ရက်ကန်းများ ချုပ်ခြင်း၊ ရွှေကြာများကပ်ခြင်း၊ ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်၏ ဆံတော်မြတ်နှင့် မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်များအား မသိုးရွှေကြာသင်္ကန်းများအား ဆက်ကပ်ပူဇော်မည် ဖြစ်သည်။



**တန်ဆောင်မုန်းလပြည့် အကြိုညက ဆူးလေစေတီတော်မြတ်ကြီးတွင် ရောင်စုံမီးများ ထွန်းညှိပူဇော်ထားသည်ကို ဤသို့သပ္ပာယ်စွာ ဖူးတွေ့ရသည်။ (မြန်မာ့အလင်း)**

## ကျိုက္ကစံစေတီ

ထို့အတူ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာမသိုးသင်္ကန်း ရက်ခတ်ယှဉ်ပြိုင်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရင်ပြင်တော် စနေထောင့်ရှိ ဗဟို မင်္ဂလာမဏ္ဍပ်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေဝါဝင်း၊ ရာဇာဝင်းများ၊ ပေါပကအဖွဲ့ဝင်များ၊ ဝေယျာဝစ္စအသင်းအဖွဲ့များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သဃ်န်းကျွန်း ပညာရေးကောလိပ်မှ ဆရာမများက စေတီတော်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည် ပူဇော်ကန်တော့ကြသည်။ဆက်လက်၍ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ် မျိုးမြင့်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ကံ့ကော်စင်တော်၊ သရဖီစင်တော်၊ အင်ကြင်းစင်တော်၊ ယင်းမာစင်တော်၊ ပိတောက်စင်တော်တို့က ည ၇ နာရီတွင်စတင် ရက်ခတ် ပြိုင်ပွဲဝင်ကြသည်။

**(သတင်းစဉ်)**

# ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

# တန်ဆောင်မုန်းလပြည့်နေ့ သောက်ရေသန့်ဒါနပြုပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၅**

၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၆ ရက်) သောကြာနေ့**(ယနေ့)**တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခ ဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့ အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း (၉၉) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်းကျော် (ကျပ် ၁၂ သိန်းကျော်ဖိုး)ကို တစ်နေကုန် စတုဒိသာ ဒါနပြု လှူဒါန်းမည်ဖြစ်သည်။ ရာသက်ပန် သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လျှင် အနည်းဆုံး ကျပ်တစ်သောင်းနှုန်းဖြင့် ဖုန်း–၃၈၁၇၃၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၂၅**

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌(၇၈)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၄ ရက် အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

**(က–ပ)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (ဥပုသ်နေ့)**
**၂၆–၁၁–၂၀၀၄ (သောကြာနေ့)**
**နံနက်ပိုင်း**

- ၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံပါဠိ တက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိဟောကြားတော်မူအပ်သော "သာမညဖလသုတ္တန်တရားတော်"
- ၈း၀၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၂၀ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ English for Everyday Use
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇း၄၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၁၇း၅၀ ၉။ တန်ဆောင်တိုင်တေးများ
- ၁၈း၀၅ ၁၀။ Discovery
- ၁၈း၁၀ ၁၁။ ထူးမြတ်တင့်ဆန်း ကြာသင်္ကန်း
- ၁၈း၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း–၃၂)
- ၁၉း၃၅ ၁၅။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ သာမညဖလသုတ္တန် တရားတော်
- ၁၆။ လင်းလက်ဝေဖြာ တီကျစ်ကျေးရွာ (တီကျစ် ကျောက်မီးသွေး လောင်စာသုံး ဓာတ်အားပေး စက်ရုံစီမံကိန်း)
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ "ကံ–ကံ၏အကျိုး" **ကျော်သူ၊ ရီဝေယံ၊ မေသဉ္ဇာဦး၊ မြတ်ကေသီအောင်** (ဒါရိုက်တာ–မောင်နှင်းမိုး)
- ၂၁။ မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၂။ နောက်တစ်နေ့အစီအစဉ်

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၂၃၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# အာဆီယံနိုင်ငံများတွင် ယာဉ်မတော်တဆဖြစ်မှု လျှော့နည်းရေး ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆင် တိုက်တွန်း ပြောကြား

ဖနောင်ပင် နိုဝင်ဘာ ၂၄

**အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ယာဉ်မတော်တဆဖြစ်မှုများ လျှော့နည်းရေးကြိုးစားဆောင်ရွက်ကြရန် အဖွဲ့ဝင်နိုင်ငံများအားလုံးကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က အင်္ဂါနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အင်္ဂါနေ့က ပြုလုပ်သော (၁၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ဟွန်ဆင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါ အစည်းအဝေးသို့ အာဆီယံ ၁၀နိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီးများ တက်ရောက်ကြပြီး အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာယောင်လည်းတက်ရောက်ခဲ့သည်။

**ဒုတိယအသေအပျောက်အများဆုံး**

အာဆီယံဒေသအတွင်း ယာဉ်မတော်တဆဖြစ်မှု လုံခြုံရေးအတွက် အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ကြရန်နှင့် ပြင်ဆင်မှုများပြုလုပ်ကြရန် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအား ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်က ပြောကြားခဲ့သည်။ ထို့အပြင် အဆိုပါ ယာဉ်မတော်တဆဖြစ်မှုသည် ရောဂါဆိုးကြီးများ ဖြစ်သော အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ် ရောဂါများပြီးလျှင် ဒုတိယ အသေအပျောက်အများဆုံးဖြစ်စေသည့် အကြောင်းရင်းဖြစ်ကြောင်းလည်း မစ္စတာဟွန်ဆင်ကပြောကြားသည်။

**နှစ်စဉ်ယာဉ်မတော်တဆဖြစ်မှုတိုးတက်**

ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံလမ်းကွန်ရက်၏ လုံခြုံရေးထိန်းသိမ်းရန်နှင့် ယာဉ်မတော်တဆဖြစ်မှုများလျှော့နည်းရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း ၎င်းကထပ်မံပြောကြားသည်။ အာဆီယံနိုင်ငံများတွင် နှစ်စဉ်ယာဉ်မတော်တဆဖြစ်မှုများ မြင့်တက်လာလျက်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ ရောင်းချနေသည့်ရွှေဆိုင်တစ်ဆိုင်ကို နိုဝင်ဘာ ၂၀ရက်က တွေ့ရစဉ်။**
(အိန္ဒိယ နိုင်ငံသည် ကမ္ဘာ့ရွှေထည်အများဆုံး တင်သွင်းသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။)
**(ဓာတ်ပုံ-အင်တာနက်)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## သဘာဝဓာတ်ငွေ့ရည် ထောက်ပံ့ရေး အင်ဒိုနီးရှားနှင့်ချီလီနိုင်ငံတို့ စာချုပ်

ဂျကာတာ နိုဝင်ဘာ ၂၄

**အင်ဒိုနီးရှားနိုင်ငံသည် ချီလီနိုင်ငံနှင့်အတူ သဘာဝဓာတ်ငွေ့ရည် (အယ်လ်အင်န်ဂျီ) ထောက်ပံ့ရေးကနဦးသဘောတူညီထားကြောင်း၊ တစ်နှစ်လျှင် ရေနံတန်ချိန် လေးသန်းလိုအပ်လျက်ရှိကြောင်း အင်္ဂါနေ့က ဒေသဆိုင်ရာ သတင်းစာတစ်စောင်က ဖော်ပြထားသည်။**

ယင်းသဘောတူညီချက်ကို အင်ဒိုနီးရှားစွမ်းအင်နှင့် ဓာတ်သတ္တုရင်းမြစ်ဝန်ကြီး ပါနိုမိုယုစ်ဂျီယန်တိုရိုနှင့် ချီလီစီးပွားရေးနှင့် စွမ်းအင်ဝန်ကြီးဂျော်ဂျီရိုဒီကွတ်ဂရော့ခ်ီတို့သည် သီတင်းပတ်ကုန်က ချီလီ၌လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ဘစ်နစ်အင်ဒိုနီးရှားသတင်းစာက ဖော်ပြထားသည်။

**ဆွေးနွေး**

မိမိတို့သည် ယင်းကိစ္စအပေါ် အနာဂတ်ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ရေနံဈေးနှုန်းအပေါ် အဓိကကိစ္စများကြောင့် ယင်းကိစ္စကိုဆွေးနွေးရန်ချီလီသို့ အဖွဲ့တစ်ဖွဲ့စေလွှတ်မည်ဖြစ်ကြောင်း ပါနိုမို၏ ပြောကြားချက်ကို သတင်းစာက ကိုးကားဖော်ပြသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းဓာတ်ငွေ့ ၁၅၀ထရီလီယံကုဗပေ ထိန်းသိမ်းထား၍ ချီလီနိုင်ငံ၏ ဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်စွမ်းပေးရန် အခက်အခဲမရှိကြောင်း၊ ထရီလီယံ၉၀ကို ကန်ထရိုက်စာချုပ်ဖြင့် ရောင်းချလျက်ရှိကြောင်း ပါနိုမိုက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## တရုတ်ခရီးသွားလုပ်ငန်းတိုးတက်

ပေကျင်း နိုဝင်ဘာ ၂၄

**တရုတ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းသည်ယခုနှစ်ပထမ၁၀လအတွင်းအကြီးအကျယ်တိုးတက်ခဲ့ကြောင်း ချိုင်းနားဒေးလီးက အင်္ဂါနေ့တွင်ဖော်ပြလိုက်သည်။**

အမျိုးသားခရီးသွားအုပ်ချုပ်ရေးဌာနမှ စာရင်းဇယားများအရ ယခုနှစ်ပထမ ၁၀လအတွင်း တရုတ်ပြည်မကြီးသို့ခရီးသွား ၈၉ဒသမ၇၉သန်း လာရောက်ခဲ့ကြောင်း၊ နှစ်အလိုက်၂၀ဒသမ၃၄ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၀၂အလားတူ ကာလကထက် ၁၁ဒသမ၀၉ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းသိရသည်။

**လာရောက်**

အဆိုပါခရီးသွားဧည့်သည်များတွင် ပင်လယ်ရပ်ခြားနိုင်ငံများမှ လာရောက်သည့် ခရီးသည်ပေါင်း ၁၃ဒသမ၈၄သန်းရှိပြီး နှစ်အလိုက် ၅၂ဒသမ၆၆ရာခိုင်နှုန်းတိုးလာကြောင်း၊ ဟောင်ကောင်မှ ၅၅ဒသမ၀၃သန်း လာရောက်ကာ ၁၄ဒသမ၆၈ရာခိုင်နှုန်းတိုးလာကြောင်း၊ မကာအိုမှ ၁၇ဒသမ၈၃သန်း လာရောက်ကာ ၁၅ဒသမ၆၃ရာခိုင်နှုန်းတိုးလာကြောင်း၊ ထိုင်ဝမ်မှ ၃ဒသမ၀၈သန်းလာရောက်ကာ ၃၉ဒသမ၄၁ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

**ထိပ်တန်းငါးနိုင်ငံ**

ယင်း၁၀လအတွင်း တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ခရီးသည်အများဆုံး ထိပ်တန်း ငါးနိုင်ငံမှာ အိန္ဒိယ၊ရုရှား၊တောင်ကိုရီးယား၊ ဩစတြေးလျ၊စင်ကာပူတို့ဖြစ်ကြပြီး ၄၅ဒသမ၃၂၊၄၀ဒသမ၉၆၊၃၁ဒသမ၉၃၊ ၂၇ဒသမ၂၈နှင့် ၂၇ဒသမ၁၆အသီးသီး တိုးတက်နှုန်းများရှိကြောင်းသိရသည်။ ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေရရှိမှု သည် ၁၉ဒသမ၂၆ဘီလီယံရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၀၂အလားတူ ကာလကထက် ဝင်ငွေ ၁၄ဒသမ ၀၈ ရာခိုင်နှုန်းပိုခဲ့ကြောင်း အဆိုပါအုပ်ချုပ်ရေးဌာနက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဗီယက်နမ်သို့ ကမ္ဘာလှည့်ခရီးသွားများ ၂၀၀၅ ခုနှစ်၌ ၁၈ သန်း လာရောက်ဖွယ်ရှိ

ဟန္နိုင်း နိုဝင်ဘာ ၂၄

**၂၀၀၅ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား ၁၈ သန်း လာရောက်ရေးလျာထား သတ်မှတ်ချက် ပြည့်မီအောင် ကြိုးပမ်းရာတွင် ဗီယက်နမ်အစိုးရသည် ခရီးသွားလုပ်ငန်းတွင် ဒေါ်လာ ၃၅ သန်းနီးပါး ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။**

**ရန်ပုံငွေကို ကမ္ဘာလှည့်ခရီးသွားဒေသများ သို့မဟုတ် အာရှဖြတ်လမ်းမကြီး သို့မဟုတ် အရှေ့အနောက် ကမ္ဘာလှည့်ခရီးသွားစင်္ကြံလမ်းမကြီးရှိရာ ပြည်နယ်များနှင့် မြို့များတွင် အများဆုံးခွဲဝေသုံးစွဲသွားမည်ဖြစ်သည်ဟု ဗီယက်နမ် ခရီးသွားလုပ်ငန်းအုပ်ချုပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ်(ဗွီအေတီ)ဗိုသီသန်းက ပြောကြားသည်။**

**ဗွီအေတီသည် ကမ်းရိုးတန်းနှင့် ဇဟိုကုန်းမြင့်ဒေသ တစ်လျှောက်ရှိ ပြည်နယ် ၁၉ခု ပါဝင်သော ဗီယက်နမ် အလယ်ပိုင်းခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံ သွားရန်လည်း စီစဉ်ထားသည်။** အမ်အင်အေ၊ဆင်ဟွာ

## တောင်တက်စက်ဘီးပြိုင်ပွဲ နီပေါနိုင်ငံ၌ ကျင်းပပြီးစီး

**ခတ္တမန္ဒူ နိုဝင်ဘာ ၂၂**

နီပေါနိုင်ငံတွင် ကျင်းပသော နိုင်ငံပေါင်း၁၃နိုင်ငံနှင့်ဒေသတွင်းမှစက်ဘီးအားကစားသမား၁၀၀နီးပါး ပါဝင်ဆင်နွှဲခဲ့သော နိုင်ငံတကာတောင်တက်စက်ဘီးပြိုင်ပွဲ စနေနေ့က ပြီးဆုံးခဲ့သည်။

ခတ္တမန္ဒူတောင်ကြားရှိ ပဒူယာတိမှရိုဒါဘာရီအထိ ကီလိုမီတာ ၃၀ ခရီးကြမ်းမောင်းနှင်ပြိုင်ပွဲတွင် နီပေါစက်ဘီးသမား ၆၀နှင့် နိုင်ငံခြားသား ၃၁ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲအမျိုးအစား လေးမျိုးခွဲခြားထားသည်။ အမျိုးသားအလွတ်တန်း၊ အကြီးတန်း၊ အငယ်တန်းပြိုင်ပွဲများနှင့် အမျိုးသမီးပြိုင်ပွဲတို့ ဖြစ်သည်။

နှစ်စဉ် ကျင်းပလေ့ရှိသော နိုင်ငံတကာပြိုင်ပွဲများကို နီပေါနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

**လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားအတွက် အစမ်းလေ့ကျင့်နေမှုကို နိုဝင်ဘာ ၂၄ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## ကမ္ဘာ့အကြီးဆုံး ဂင်းနစ်မှတ်တမ်းဝင်အလံကြီး ဘာရိန်းအမျိုးသားနေ့တွင် လွှင့်တင်မည်

အဘူဒါဘီ နိုဝင်ဘာ ၂၄

**ဘာရိန်းနိုင်ငံသည် ဘာရိန်း၏ မြို့တော်မာနာမာမြို့၌ ကမ္ဘာ့အကြီးဆုံး အလံကြီးတစ်ခုကို ဒီဇင်ဘာ၁၆ရက်တွင် ကျရောက်သည့် အမျိုးသားနေ့တွင် လွှင့်တင်မည်ဖြစ်ကြောင်း ဘီအင်န်အေ သတင်းဌာနက အင်္ဂါနေ့က သတင်းထုတ်ပြန်သည်။**

ယင်းအမျိုးသားအလံကြီးသည် အလျားမီတာ ၁၆၀၊အနံမီတာ ၁၀၀ရှိပြီး ကမ္ဘာပေါ်တွင် အကြီးမားဆုံး အလံကြီးဖြစ်ကြောင်း၊ ကမ္ဘာ့မှတ်တမ်းစာအုပ်ဖြစ်သည့် ဂင်းနစ်မှတ်တမ်းဝင်မည်ဖြစ်ကြောင်း အလံလွှင့်တင်ရေးကော်မတီဥက္ကဋ္ဌ အီဘရာဟင်နိုး၏ ပြောကြားချက်ကို အဆိုပါသတင်းဌာနက ကိုးကားဖော်ပြသည်။

အဆိုပါ အလံကြီးသည် အလေးချိန်အားဖြင့် ကီလို ၄၀၀၀ လေး မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံစက်ရုံတစ်ရုံ၌ ချုပ်လုပ်လျက်ရှိကြောင်း၊ လာမည့်လ ပထမပတ်တွင် ဘာရိန်းသို့ လေယာဉ်ဖြင့်သယ်ယူလာမည်ဖြစ်ကြောင်း ၎င်းသတင်းဌာနက ပြောကြားသည်။

(၃၃)ကြိမ်မြောက် ဘာရိန်းအမျိုးသားနေ့ အခမ်းအနားတွင် အမျိုးသားကွင်း၌ ယင်းအကြီးဆုံးအလံကြီးကို ဒီဇင်ဘာ ၁၃ ရက်မှစပြီး လွှင့်တင်မည်ဖြစ်ကြောင်း သိရသည်။ သီတင်းပတ်ရှည်ကြာ ကျင်းပမည့် ယင်းအခမ်းအနားသည် ပွဲလမ်း သဘင်များပြသခြင်း၊ သုံးရက်တွင် မီးကျည်မီးပန်းများလွှတ်တင်ခြင်း၊ ဓာတ်ပုံများ ပြသခြင်းနှင့် ဂီတဖျော်ဖြေရေးတင်ဆက်ခြင်းများလည်းပါဝင်မည်ဖြစ်ကြောင်း ဘီအင်န်အေက တင်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်တောင်ပိုင်းတွင် ရေနံပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

**အီရတ်နိုင်ငံတောင်ပိုင်းတွင် ရေနံပိုက်လိုင်းတစ်လိုင်း ပေါက်ကွဲမှုကြောင့် ဘာဆာရာရေနံတင်ပို့ရေးဆိပ်ကမ်းသို့ ရေနံစီးဝင်မှု တစ်နေ့လျှင် စည် ၇၅၀၀၀၀ထက်မနည်း တနင်္လာနေ့က လျော့ကျခဲ့ကြောင်း ရေနံလုပ်ငန်းအရာရှိတစ်ဦးက ပြောကြားသည်။**

**ရပ်ဆိုင်း**

ပေါက်ကွဲမှုသည် တနင်္လာနေ့နံနက် ဇနာရီခန့်၌ ဖြစ်ပွားခဲ့ရာ တောင်ပိုင်းရှိ အဓိကရေနံတင်ပို့ရေး ပိုက်လိုင်းနှစ်လိုင်းသို့ ရေနံတင်ပို့မှုများ ရပ်ဆိုင်းသွားသည်။

သို့ရာတွင် ဘာဆာရာရေနံတင်ပို့ရေး ဆိပ်ကမ်းသို့ ပေးပို့သော အခြားရေနံပိုက်လိုင်းတစ်လိုင်း၌ တစ်နေ့လျှင် ရေနံစည် တစ်သန်း စီးဆင်းနေဆဲဖြစ်ကြောင်း ၎င်းအရာရှိက ပြောကြားသည်။

ပိုက်လိုင်းကို ပြင်ဆင်ရန် အချိန်မည်မျှကြာမည် အတိအကျမသိရဟု ဆိုသည်။ ပိုက်လိုင်းပေါက်ကွဲမှုသည် ဖျက်ဆီးခံရခြင်းကြောင့် ဟုတ်မဟုတ် အဆိုပါအရာရှိက အသေးစိတ် ပြောကြားခြင်း မရှိပေ။

**တင်ပို့ဆဲ**

ရေနံတင်ပို့ရေး ကိုယ်စားလှယ်တစ်ဦးက တစ်နာရီလျှင် ရေနံစည် ၇၇၀၀၀အပြည့်နီးပါး တင်ပို့နေဆဲဖြစ်ရာ တစ်နေ့လျှင် စည်၁၁သမ ၈သန်းနှင့် ညီမျှကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

# ဘဂ္ဂဒက်၌ ပစ်ခတ်မှုဖြစ်ပွား အီရတ်တစ်ဦးသေဆုံး၊ ဗြိတိသျှနှစ်ဦး အဖမ်းခံရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

**ဘဂ္ဂဒက်တွင် သေနတ်ပစ်ခတ်မှု တနင်္လာနေ့ကဖြစ်ပွားခဲ့ပြီးနောက် အီရတ်တစ်ဦးသေဆုံးခဲ့ပြီး ဗြိတိသျှနှစ်ဦးဖမ်းဆီးခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

**ပစ်ခတ်**

ဖြစ်ပွားမှုအသေးစိတ်ကို မပြောကြားသော်လည်း အီရတ်ပြည်ထဲရေးဝန်ကြီး၏ လုံခြုံရေးများနှင့် အမှတ်အသားမပါသော အရပ်ဘတ်စ်ကားတစ်စီး အတွင်းပါလာသည့် ဗြိတိသျှနှစ်ဦးက ပစ်ခတ်ခဲ့ခြင်းဖြစ်ပုံရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ပြသ**

သေဆုံးသူမှာ မည်သူမည်ဝါဖြစ်သည်ကို ရှင်းရှင်းလင်းလင်း မသိရဘဲရှိပြီး ဖမ်းဆီးခံရသော ဗြိတိသျှတစ်ဦးမှာ ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးကို လုံခြုံရေးသွားလာခွင့် လက်မှတ်ရရှိထားသူဖြစ်ကာ ၎င်း၏ နိုင်ငံကူးလက်မှတ်ကို သတင်းထောက်များအား ပြသခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# ဘဂ္ဂဒက်တွင် ဒဏ်ရာပြင်းစွာရခဲ့သော ကန်တပ်ဖွဲ့ဝင် သေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၃**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးတိုက်ခိုက်ခံရပြီး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့၌ ပြောကြားခဲ့သည်။

**ဖော်ပြ**

အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသည် နိုဝင်ဘာ ၂၁ရက်၌ ဘဂ္ဂဒက် အနောက်တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲ၌ ရရှိခဲ့သော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

**သေဆုံး**

လွန်ခဲ့သည့်နှစ် မတ်လ၌ အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်များ ကျူးကျော် ဝင်ရောက် ခဲ့ချိန်မှစပြီး အီရတ်၌ အမေ ရိကန်တပ်ဖွဲ့ဝင် ၁၂၀၀ကျော် သေဆုံးခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**



မိုဆူးလ်မြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တစ်ဦးအား စစ်ဆေးမေးမြန်းနေသည်ကို နိုဝင်ဘာ ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

# သံသယရှိသူကို ပစ်သတ်ခဲ့မှု — ဗြိတိသျှတပ်ဖွဲ့ဝင်များအား — စတင်စစ်ဆေး

လန်ဒန် နိုဝင်ဘာ ၂၄

**အီရတ်ရှိစစ်ဆေးရေးစခန်းတစ်ခုတွင် အသေခံဗုံးခွဲသူဟု သင်္ကာမကင်းဖြစ်သည့်လူတစ်ဦးအား ဗြိတိသျှတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့သည့်အမှုကို ဗြိတိန်နိုင်ငံက စတင်စစ်ဆေးကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့၌ ပြောကြားခဲ့သည်။**

**ပစ်ခတ်**

ဘဂ္ဂဒက်တောင်ဘက်ရှိ ကင့်မ်ဒေါ့ဂ်ဗြိတိသျှအခြေစိုက်စခန်းအနီး၌ ဗြိတိသျှ တပ်ဖွဲ့ဝင်များရှိရာသို့ နိုဝင်ဘာ ၇ရက်တွင် ထိုလူသည်ကားတစ်စီးကို အရှိန်ပြင်းစွာ မောင်းလာခဲ့သဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**စိုးရိမ်**

တပ်ဖွဲ့ဝင်များက ထိုသူသည်အသေခံဗုံးခွဲသူဖြစ်သည်ဟု စိုးရိမ်ထိတ်လန့်ကာ စစ်ဆေးရေးစခန်း၌ ရပ်ထားသော သံချပ်ကာယာဉ်က ပစ်ခတ်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# ကယ်ဆယ်ရေးပစ္စည်းများ ပါသောလေယာဉ် ယူအေအီးနိုင်ငံက ဘဂ္ဂဒက်သို့ စေလွှတ်ခဲ့

**အဘူဒါဘီ နိုဝင်ဘာ ၂၅**

အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)မှ လခြမ်းနီအသင်း(အာရ်စီအက်စ်)သည် ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်ထားသော လေယာဉ်တစ်စင်းကို အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်သို့ အင်္ဂါနေ့က စေလွှတ်ခဲ့ကြောင်း ဒဗလျူအေအမ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

**၃၂စင်းမြောက်**

အဆိုပါ လေယာဉ်သည် ယူအေအီးနိုင်ငံက အီရတ်သို့ စေလွှတ်လိုက်သော ၃၂စင်းမြောက် လေယာဉ်ဖြစ်ကြောင်း သိရသည်။

**ဖြန့်ဝေပေးမည်**

အီရတ်သို့ ပေးပို့လိုက်သော ကယ်ဆယ်ရေးပစ္စည်းများတွင် အစားအစာနှင့် အဝတ်အထည်များပါဝင်ပြီး အခြေအနေမဲ့ဖြစ်နေကြသော ဖလူးဂျာမြို့လူထုကို ဖြန့်ဝေပေးမည် ဖြစ်သည်။

**ဖြစ်ပေါ်**

ဖလူးဂျာမြို့အား အမေရိကန်-အီရတ်တပ်များ ထိုးစစ်ဆင်ခဲ့သဖြင့် ဖလူးဂျာမြို့တွင်းနှင့် ဝန်းကျင်တွင် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းဆိုးရွားစွာ ဖြစ်ပေါ်ခဲ့သည်။

**ထောက်ပံ့မည်**

အာရ်စီအက်စ်အထောက်အကူပေးအဖွဲ့သည် အီရတ်ပြည်သူများကို ဆက်လက်ကူညီထောက်ပံ့သွားမည် ဖြစ်ကြောင်း ယူအေအီး၏ အာရ်စီအက်စ် အတွင်းရေးမှူးချုပ်ဆနားဒါဝစ်အယ်လ်ကစ်ဘီက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တောင်ကိုရီးယားတပ်များမရုပ်သိမ်းလျှင် တိုက်ခိုက်ခံရမည် ဗီဒီယိုနှင့်အင်တာနက်မှ ခြိမ်းခြောက်မှုများ လက်ခံရရှိ

ဆန်တီယာဂို(ချီလီ) နိုဝင်ဘာ ၂၄

**အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကိစ္စတွင် တောင်ကိုရီးယားနိုင်ငံက အခိုင်အမာ တာဝန်ခံထားပြီး တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၃၅၀၀ ၏ သက်တမ်းကို အသစ်တစ်ဖန်သတ်မှတ်ရန် အလေးအနက် စဉ်းစားလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းက မကြာသေးမီ၌ ပြောကြားခဲ့သည်။**

အီရတ်နိုင်ငံမြောက်ပိုင်း အာဘင်လ်၌ တာဝန်ယူလျက်ရှိသော တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ၏ သက်တမ်းသည် ခြောက်ပတ်ကုန်ဆုံးတော့မည်ဖြစ်သည်။

**ရည်ရွယ်**

အီရတ်ရှိ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ၏ သက်တမ်းကို တစ်နှစ်တိုးချဲ့ရန် ရည်ရွယ်သည်။

**သက်တမ်းပြည့်**

အီရတ်၌ ဖြန့်ချထားသော တပ်ဖွဲ့ဝင် ၃၅၀၀၏ အများစုသည် လွန်ခဲ့သည့်လ၌ သက်တမ်းပြည့်ခဲ့သော်လည်း ဆေးဖက်နှင့် အင်ဂျင်နီယာတပ်ဖွဲ့ဝင် ၆၀၀သည် ၂၀၀၃ခုနှစ် မေလမှစပြီး အီရတ်၌ လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း အစိုးရအရာရှိများက ပြောကြားသည်။

အီရတ်တို့၏ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်မှုရရှိရေးကို နိုင်ငံတကာဆိုင်ရာ အသိုင်းအဝိုင်းတစ်ခုလုံးက ဆက်ကူညီသင့်ကြောင်း ဘန်ကီမွန်းက ပြောကြားသည်။

**တောင်းဆို**

တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့် ဗြိတိန်ပြီးလျှင် အီရတ်၌ တပ်ဖွဲ့ဝင်တတိယအများဆုံးချထားသော နိုင်ငံဖြစ်သော်လည်း ပြည်သူလူထုနှင့် အတိုက်အခံအုပ်စုများက တောင်ကိုရီးယားတပ်ဖွဲ့ဝင်များအား ပြန်ခေါ်ရန် သမ္မတနိုမြူဟွန်းကို ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

**ခြိမ်းခြောက်ခံရ**

အီရတ်မှ တောင်ကိုရီးယားတပ်များ မရုပ်သိမ်းလျှင် တိုက်ခိုက်မည်ဆိုသော ဗီဒီယိုနှင့်အင်တာနက်မှခြိမ်းခြောက်မှုများကိုတောင်ကိုရီးယားနိုင်ငံသည်လက်ခံရရှိခဲ့ပြီး ပြီးခဲ့သည့်လ၌နောက်ဆုံးခြိမ်းခြောက်ခံခဲ့ရသည်။**အမ်အင်အေ၊ရိုက်တာ**



ဖလူးဂျာမြို့တွင် အီရတ်တစ်ဦးအား ဖမ်းဆီးပြီး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား နိုဝင်ဘာ ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)



# ဖလူးဂျာတိုက်ပွဲတွင် ဒဏ်ရာရခဲ့သော မရိန်းတပ်ဖွဲ့ဝင်သုံးဦး ဂျာမနီနှင့်အမေရိကန်ဆေးရုံများ၌ ဆေးကုသနေစဉ် သေဆုံး

ဝါရှင်တန် နိုဝင်ဘာ ၂၄

**ဖလူးဂျာတိုက်ပွဲတွင် ရရှိခဲ့သော ဒဏ်ရာဖြင့် မရိန်းတပ်ဖွဲ့ဝင်သုံးဦးသည် ဂျာမနီရှိ အမေရိကန်ဆေးရုံနှင့် အမေရိကန်ရှိ ဆေးရုံများတွင် ဆေးကုသခံယူနေစဉ်တွင် သေဆုံးသွားကြောင်း ပင်တဂွန်က တနင်္လာနေ့၌ ပြောကြားခဲ့သည်။ နိုဝင်ဘာလအတွင်း အမေရိကန်၌ စုစုပေါင်းသေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၁၀၁ ဦးထက်မနည်း ရှိခဲ့သည်။**

## တိုက်ပွဲဖြစ်ပွား

၂၀၀၃ခုနှစ် မတ်လအတွင်း၌ အမေရိကန်နှင့်အပေါင်းပါများ အီရတ်ကို ကျူးကျော်ခဲ့ချိန်မှစပြီး အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀ကျော် သေဆုံးခဲ့သော အခြားလမှာ ဧပြီလ ဖြစ်ခဲ့သည်။ ထိုဧပြီလတွင် ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် ဖလူးဂျာနှင့် ရာမာဒီမြို့များ၌ ကြောက်ခမန်းလိလိ တိုက်ပွဲများဖြစ်ပွားခဲ့ကြသည်။

## သေဆုံး

မရိန်းတပ်ဖွဲ့ဝင်များဖြစ်သော ဂျိုးဇက်ဟီရီဒီယာနှင့် ဂျိုးဇက်တီဝဲလ်ကီတို့နှစ်ဦးသည် ဂျာမနီရှိလင်းစတူဒေသဆေးရုံ၌ စနေနေ့က သေဆုံးခဲ့ကြောင်း ပင်တဂွန်ကပြောကြားခဲ့သည်။ ဖလူးဂျာ၌ နိုဝင်ဘာ ၁၁ရက်က ဒဏ်ရာရရှိခဲ့သော တပ်ကြပ်မိုက်ကယ်အေဒိုနေးသည် သောကြာနေ့၌ ဘီသက်စ်ဒါရှိ ရေတပ်ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံအနောက်ဘက်ရှိ အူဘိုင်တီမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို နိုဝင်ဘာ ၂၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

# အီရတ်နိုင်ငံ၌ အာဟာရချို့တဲ့သော ကလေးဦးရေ နှစ်ဆဖြစ်လာ တိုးတက်မှုအခြေအနေ မျှော်လင့်ထားသည်ထက် အလှမ်းကွာလျက်ရှိ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

**အီရတ်နိုင်ငံသည် ဆယ်စုနှစ်တစ်ခု ကျော်မျှ စီးပွားရေးပိတ်ပင်ခြင်းခံခဲ့ရသည်။ အလှူရှင်နိုင်ငံများက အီရတ်နိုင်ငံ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရန်အတွက် (ဒေါ်လာ ၃၀ ဘီလီယံ)အကူအညီပေးမည်ဟု ကတိခံထားခဲ့ကြသည်။ သို့ရာတွင် အီရတ်နိုင်ငံ၏ တိုးတက်မှုမှာမျှော်လင့်ထားသည်ထက် အလှမ်းများစွာကွာဝေးခဲ့သည်။**

မကြာမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာများတွင် အီရတ်နိုင်ငံ၏ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံများနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်ကြောင်း ဝေဖန်သုံးသပ်ထားသည်။

## နှစ်ဆနီးပါးရှိ

လွန်ခဲ့သည့်နှစ်မတ်လ၌ အီရတ်နိုင်ငံကို ကျူးကျော်ခဲ့ချိန်မှစပြီး အာဟာရချို့တဲ့သော အသက်ငါးနှစ်အောက်ကလေးများ အရေအတွက်သည် နှစ်ဆနီးပါးရှိလာခဲ့သည်ဟု နော်ဝေ သုတေသနအုပ်စု၏ အစီရင်ခံချက်၌ ဖော်ပြထားသည်။

## ပါဝင်

ထိုစူးစမ်းလေ့လာမှုတွင် ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်(ယူအင်ဒီပီ) လည်းပါဝင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် အာဟာရ ချို့တဲ့သော ကလေး ၄၀၀၀၀၀ ခန့်ရှိကြောင်း ပြောကြားခဲ့သည်။

## စီးဝင်နေ

အီရတ်နိုင်ငံ၏ အညစ်အကြေးစွန့်ပစ် စက်ရုံများက ထက်ဝက်မျှသာ အလုပ်လုပ်နိုင်ကြပြီး နေ့စဉ်အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်း တန် ၅၀၀၀၀၀ ဘဂ္ဂဒက် ဝန်းကျင်ရှိ မြစ်များထဲသို့ စီးဝင်နေကြသည်ဟု သိရသည်။ အီရတ်လူဦးရေ၏ ထက်ဝက်လောက်သာ သန့်ရှင်းသော သောက်သုံးရေကို ရရှိကြသည်ဟုဆိုသည်။

## လျော့နည်းနေဆဲ

အီရတ်နိုင်ငံ၏ အရေးအကြီးဆုံး သဘာဝ အရင်းအမြစ်ဖြစ်သော ရေနံ ထုတ်လုပ်မှုမှာ စစ်ကြိုခေတ်ထုတ်လုပ်မှု အဆင့်အောက် ၂၀ ရာခိုင်နှုန်း နီးပါးလျော့နေဆဲဖြစ်သည်။ **(အင်တာနက်)**




# ကန်တို့ အင်အားအလွန်အကျွံသုံးတိုက်ခိုက်ခဲ့ကြောင်း အီရန်၊ အီဂျစ်နှင့် ဆီးရီးယားအစိုးရတို့စွပ်စွဲ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

**အီရတ်တွင် ခုခံတိုက်ခိုက်ရေးသမားများအား ထိုးစစ်ဆင်နွှဲရာ၌ အမေရိကန်တို့သည် တပ်ဖွဲ့အင်အားကို အလွန်အကျွံအသုံးပြုခဲ့ကြောင်း အီရန်၊အီဂျစ်နှင့် ဆီးရီးယားအစိုးရတို့က ယမန်နေ့တွင် စွပ်စွဲလိုက်သည်။**

## ရှုတ်ချ

အီရန်နိုင်ငံခြားရေးဝန်ကြီး ကမားလ်ခါရာဇီက အမေရိကန်တပ်များသည် မြို့များကိုအင်အားအလွန်အကျွံသုံးပြီး ဖုံးများကြဲချခြင်းကို ပြစ်တင်ရှုတ်ချသည့်နည်းတူ ပြန်ပေးဆွဲမှုများနှင့် အကြမ်းဖက်မှုများ ကျူးလွန်သည့် ခုခံတိုက်ခိုက်ရေးသမားများကိုလည်း ပြစ်တင်ရှုတ်ချခဲ့သည်။ ထိုလုပ်ရပ်များက အီရတ်တွင် နိုင်ငံခြားတပ်များရှိမှုကြာရှည်အောင် အထောက်အကူပေးရာရောက်မည်ဖြစ်ကြောင်း ပြောကြားသည်။

## အံ့ဩ

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူလ်ဂိုဒ်ကလည်း အမေရိကန်တို့၏ နည်းစနစ်ကို တုန်လှုပ်အံ့ဩကြောင်း၊ အကြမ်းဖက်ခြိမ်းခြောက်မှုနှင့် အင်အားအလွန်အကျွံ အသုံးပြုမှုတို့သည် နောက်ထပ်ကွဲပြားမှုနှင့် ပျက်စီးမှုကိုသာ ဖြစ်စေမည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

# အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြား အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်မည်

ကွာလာလမ်ပူ နိုဝင်ဘာ ၂၄

၂၀၀၅ခုနှစ်ကုန်ပိုင်း၌ အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားသတင်းဌာန၏ ထုတ်လွှင့်မှုအစီအစဉ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သွားရန်အတွက် ဒေါ်လာသန်း၃၀ထိ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့၌ ပြောကြားခဲ့သည်။

## ပြောကြား

ကာတာအခြေစိုက်ရုပ်မြင်သံကြားဌာနသည် ဝန်ထမ်း၃၀၀ကျော် ငှါးရမ်းအသုံးပြုမည်ဖြစ်သည့်ပြင် ဒေသဆိုင်ရာဌာနသုံးခုဖြင့် လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ရာ ကွာလာလမ်ပူပါဝင်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

## မျှော်လင့်

ဗွေဆော်ဦး၌ ဒေါ်လာ၂၅သန်းမှ သန်း၃၀ထိ သုံးစွဲထားရန်စီစဉ်ထားကြောင်း ရှေ့နှစ်နိုဝင်ဘာလ၌ ထုတ်လွှင့်နိုင်မည်မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ဘဂ္ဂဒက်အနောက်တောင်ဘက်ရှိ မြို့များတွင် ကန်တပ်ဖွဲ့များနှင့် ခုခံရေးသမားတို့ တိုက်ပွဲပြင်းထန်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

**အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ၊ ရဲကွန်မန်ဒိုများသည် အီရတ်ခုခံတိုက်ခိုက်ရေးသမားများအား ထိုးစစ်သစ်ကို ဘဂ္ဂဒက်အနောက်တောင်ဘက်ရှိမြို့များတစ်လျှောက်၌ အင်္ဂါနေ့က ဆင်နွှဲခဲ့ကြသည်။**

ယင်းထိုးစစ်သစ်ကို ဆင်နွှဲရာတွင် အမေရိကန်၊အီရတ်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင် အချို့ပါဝင်ခဲ့ရာ အင်အား ၅၀၀၀မျှရှိသည်။ အီရတ်အနောက်ပိုင်း ဖလူးဂျာမြို့အား အမေရိကန် ဦးဆောင်သော တပ်များက ထိုးစစ်ကြီးဆင်နွှဲပြီးနောက် နှစ်ပတ်အကြာ၌ ထိုးစစ်သစ်ပေါ်ပေါက်ခဲ့သည်။

ပလိုင်းမောက်ရှော့ခ် အော်ပရေးရှင်းကို ကာဘာလာမြို့တွင် စတင်ခဲ့သော်လည်း ဘဂ္ဂဒက်အနောက်တောင်ဘက်တစ်လွှားအထိ ဆင်နွှဲရန် စီစဉ်ထားကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

ကာဘာလာ၊ဟီလာ၊ မာဟာဝီလ်၊ အစ္စကန်ဒါရီယာနှင့် ဟာ့စ်ဝါကိုထိုးစစ်ဆင်သော အီရတ်လုံခြုံရေးတပ်များက လက်နက်ကိုင်သေနတ်သမား ၄၇ဦးကို ဖမ်းဆီးရရှိခဲ့သည်။ **(အင်တာနက်)**

**အီရတ်နိုင်ငံ ဆီးရီးယား နယ်စပ်ရှိ အယ်ကင်န်မြို့တွင် အိမ်တစ်အိမ်အတွင်း စီးနင်းဝင်ရောက်ရန် ပြင်ဆင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၂၄ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)



# (၅၆)ကြိမ်မြောက် ဖရန့်ဖတ် စာအုပ်ပြပွဲ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ ကျင်းပ

ဖရန့်ဖတ် နိုဝင်ဘာ ၂၄

**ဂျာမနီနိုင်ငံ၌ (၅၆)ကြိမ်မြောက် နှစ်ပတ်လည် ဖရန့်ဖတ်စာအုပ်ပြပွဲကို ဖရန့်ဖတ်မြို့၌ ကျင်းပလျက်ရှိရာ ယခုနှစ်တွင် အာရပ်ကမ္ဘာ၏အကြီးဆုံး စာအုပ်ပြပွဲကြီးတစ်ရပ်အဖြစ် ဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရှိရသည်။ ၎င်းဖရန့်ဖတ်နိုင်ငံတကာ စာအုပ်ပြပွဲကြီး၌ ကမ္ဘာ့အကြီးမားဆုံး စာအုပ်စာပေပွဲတော်ကြီးအဖြစ် ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်တွင် အာရပ်ဘာသာနှင့် ရေးသားသော စာအုပ်များကို ဂုဏ်ပြုပြသကာ အာရပ်စာပေယဉ်ကျေးမှု အမွေအနှစ်များကို အနောက်နိုင်ငံများသို့ ဆက်နွှယ်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။**

**၎င်းအာရပ်ကမ္ဘာ စာအုပ်ပြပွဲကြီးမှာ အာရပ်နိုင်ငံပေါင်း ၂၀မှ အာရပ်ဘာသာရပ်ဖြင့် ရေးသားထားသော စာအုပ်တစ်သိန်းကို ပြသထားပြီး အာရပ်နိုင်ငံများ၏ အခြားဘာသာ စကားကွဲ စာအုပ်ပေါင်း ၃၀၀၀ကျော်လည်း ပါဝင်ကြောင်း သိရှိရသည်။ ၎င်းပြပွဲသို့ အာရပ် စာပေပညာရှင် ၂၀၀ကျော် ပါဝင်တက်ရောက်လျက်ရှိသည်။**

စီအင်န်အင်န်

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ၁၃၆၅–၆၆ ပညာသင်နှစ် စာသင်သားသံဃာတော်များ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကြွရောက်ရန်ပင့်လျှောက်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဒီဇင်ဘာ ၉ရက်မှ ၁၂ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ ၁၃၆၅–၆၆ ပညာသင်နှစ် စာသင်သားသံဃာတော်အားလုံးတို့သည် ဒီဇင်ဘာ ၆ရက်ထက်မစော ဒီဇင်ဘာ ၇ရက်ထက် နောက်မကျစေဘဲ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်သို့ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံစီကို တစ်ပါတည်း ယူဆောင်လာကြပါရန် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစုနှင့် မြို့နယ်ပညာရေးမိသားစု၏ (၃၈)ကြိမ်မြောက် ကထိန် အလှူတော် မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၂၄ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ဆရာတော် ထံ ကျောင်း အုပ်ဆရာမကြီးဒေါ်မေလှရီက ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

## ထောက်ကြန့်စံပြကျေးရွာကျောင်း အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ထောက်ကြန့်မြို့ ထောက်ကြန့်စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း၏ ဆဋ္ဌမအကြိမ်အာစရိယပူဇော်ပွဲကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ၆ရက်တွင် အမက(၃၂)ကျောင်းခန်းမ၌ ကျင်းပ မည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှ ဆရာ ဆရာမကြီးများနှင့် ကျောင်းသူကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးမြထွေး ဖုန်း–၆၀၀၀၂၃၊ ဦးစံသိန်း ဖုန်း–၆၀၀၂၄၀၊ ဦးအေးကို ဖုန်း–၆၀၀၁၆၅၊ ဦးဝင်းလှိုင် ဖုန်း–၆၀၀၂၃၂၊ ဦးလှမြင့် ဖုန်း–၆၀၀၀၉၄၊ ၆၀၀၁၈၄၊ ဦးကျော်မင်း ဖုန်း–၆၀၀၁၈၂၊၆၀၀၂၀၃နှင့် ဦးလှရှိန် ဖုန်း–၆၀၀၂၄၃တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



ရထားရဲတပ်ဖွဲ့ မိသားစုများ၏ စတုတ္ထအကြိမ်မြောက် မဟာဘုံကထိန် သင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ ၂၅ရက်က ရထားရဲတပ်ဖွဲ့မှူးရုံး ရန်ကုန်၌ ကျင်းပရာ ရထားရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အုန်းမြင့်နှင့် ဇနီး ဒေါ်စိုးစိုးသိန်း၊ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်သားများ၏ မိသားစုဝင်များက ပင့်သံဃာတော် ၁၀ပါးအား အရဏ်ဆွမ်းဆက်ကပ်ပြီး ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းစဉ်။ (က–ပ)

## ဗားကရာတိုက် (၅၄)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၅**

စမ်းချောင်းမြို့နယ် ဗားကရာတိုက်ကြီးအတွင်းရှိ ကျောင်းပေါင်း ၃၈ကျောင်းတိုက်များမှ သံဃာတော်အပါး ၇၀ကျော်တို့အား (၅၄)ကြိမ်မြောက် စုပေါင်းကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၆ရက်) မွန်းတည့် ၁၂နာရီတွင် ကိုးထပ်ကြီးဘုရားရင်ပြင်တော် အာရုံခံတန်ဆောင်းကြီးတွင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည် ဖြစ်ရာ အလှူရှင်များနှင့် စေတနာရှင်များကြွရောက်ကြပါရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

### မိုးရွာနိုင်ဖွယ်ရှိ

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။**

## နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် နိုဝင်ဘာ ၂၅

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် "ခေတ်မီဘက်စုံတည်ဆောက်ရေး"နှင့်"ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု"ဟူ၍ ခေါင်းစဉ်နှစ်မျိုးသတ်မှတ်ပေးထားသည်။ ရောင်စုံ ဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀လက်မ x၁၂လက်မနှင့်အထက်အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ယခင်နှစ်များက အလားတူ ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စု သတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်းပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကိုတင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာအချက်အလက်များ Dataနှင့် ဓာတ်ပုံအကြောင်းအရာ Captionကိုသီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သောဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်းပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံ ဖော်ပြချက်ပါရှိရမည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများအား ၂၀၀၅ခုနှစ် မတ်လ ၂၇ရက်တွင် ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များတွင် ကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂–၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာမှကြေညာချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ပညာရှင်ငါးဦး၏ ဓာတ်ပုံအနုပညာပြပွဲ ဖွင့်လှစ်ပြသ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာဓာတ်ပုံပညာရှင် ငါးဦး၏ Penta Prism ဓာတ်ပုံအနုပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၉နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်ရှိ ဆာကူရာတာဝါ အထပ်၂၀ရှိ ခန်းမတွင် ကျင်းပရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ တာဝန်ရှိသူများ၊ ဓာတ်ပုံပညာရှင်များနှင့် ဓာတ်ပုံအနုပညာကို စိတ်ပါဝင်စားကြသူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားကို မြန်မာနိုင်ငံဓာတ်ပုံအသင်း နာယကများဖြစ်ကြသော ဦးမောင်မောင်ကြီး၊ ဦးမောင်မောင်တင်နှင့် ဦးဖေခင်တို့က ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ယခုပြပွဲတွင် လူငယ်ဓာတ်ပုံပညာရှင်များဖြစ်ကြသော ကိုထင်လင်း (Golden Arrow)၊ ကိုမိုးမင်း (Rays)၊ ကိုမောင်မောင်(ပုဂံ)၊ ကိုဖေမြင့်ဦး(Comet)နှင့် ရုပ်ရှင်သရုပ်ဆောင် ကိုလွင်မိုးတို့က ၎င်းတို့ စိတ်ကြိုက် ရိုက်ကူးထားသည့် ဓာတ်ပုံပေါင်း ၇၅ပုံကို ခင်းကျင်းပြသထားသည်။ နိုဝင်ဘာ၂၅ရက်မှ ဒီဇင်ဘာ ၅ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ၅နာရီအထိ ပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေအစည်းအဝေးကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ ၂၀၀၃–၂၀၀၄ခုနှစ် ဗဟိုဦးစီးနှင့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းရှိ မြို့နယ်အသင်းခွဲများမှ နှစ်ပတ်လည် အစီရင်ခံစာများကို မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)သို့ ဒီဇင်ဘာ ၁၇ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပါရီမြို့ ထေရဝါဒဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၅**

ပြင်သစ်နိုင်ငံ ပါရီမြို့၌တည်ဆောက်မည့် ထေရဝါဒ ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် အမှတ် ၄၉/၅၁ ဗဟန်းလမ်းမကြီးရှိ ကော်မတီရုံးခန်း ဗဟိုသို့ စေတနာရှင်ပြည်သူများက အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိရာ သိမ်ကြီးဈေး (အေရုံ၊ ဘီရုံ) ဈေးသူဈေးသားများက ကျပ်ဆယ်သိန်း၊ ဦးဇော်ဝင်းနှင့် သားသမီး၊ မြေးများက ကျပ် လေးသိန်းငါးသောင်း၊ အဖဦးရွှေဝမ်–အမိဒေါ်မိမိကြီး (မြိတ်မြို့)တို့အား ရည်စူး၍ သားသမီးမြေးများက ကျပ်သုံးသိန်း၊ ကိုနိုင်အေးမိသားစု (ဒုတိယအကြိမ်)က FEC 300 ၊ ဦးအေးကို–ဒေါ်ပိုပိုသားသမီးမြေးတစ်စု၊ ဒုတိယဗိုလ်မှူးကြီး မြလွင်(ငြိမ်း) ဇနီးဒေါ်ခင်ဌေးမိုမိသားစုတို့က ကျပ်နှစ်သိန်းစီ၊ ဦးလှမြင့်–ဒေါ်ခင်အေးမော်၊ သမီးမသူဇာမြင့်က FEC 200၊ ဦးကြင်ငှက်–ဒေါ်ကြင်လှ သားသမီး၊ မြေးတစ်စုကောင်းမှုကျပ်တစ်သိန်းခွဲ၊ ဗိုလ်မှူးလှထူးအောင်(ငြိမ်း)–ဒေါ်စန်းစန်းမြင့်က ကျပ်တစ်သိန်းသုံးသောင်း၊ ပါမောက္ခဒေါက်တာဦးကျော်ဝင်း–ဒေါ်ခင်ခင်ဝေ၊ တူ ဦးကြည်ဆွေ၊ တူမ ဒေါ်ယဉ်ယဉ်မာ မိသားစုက ကျပ် တစ်သိန်းနှစ်သောင်း၊ ဦးယုံစိန်–ဒေါ်ရင်မွေး မိသားစုက ကျပ်တစ်သိန်းတစ်သောင်း၊ ဦးကျော်ထွန်း–ဒေါ်မေသိန်းဝင်း သားသမီး၊ မြေးများကောင်းမှုက ကျပ်တစ်သိန်း တစ်ထောင်တို့ကို အသီးသီးပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**



## မိတ္ထီလာမြို့နယ်တွင် ကျေးလက်အိမ်ရာများ တည်ဆောက်ပေးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာအုပ်စု မုန်တိုင်ကျေးရွာတွင် ကျေးလက်အိမ်ရာငါးလုံးတည်ဆောက်ပေးထားပြီး ပန်းအလှပင်များဖြင့် သန့်ရှင်းသပ်ရပ်လှပစွာ အလှဆင်ထားသည်ကို အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်၊ လက်ထောက်ညွှန်ကြားရေးမှူးဦးပြည်စိုးတို့ သွားရောက် စစ်ဆေးကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**





**ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

❍ **ကျောဖုံးမှ**

ရှေးဦးစွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

## ပူးပေါင်းဆောင်ရွက်

ယင်းနောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကိုဖွဲ့စည်းပြီး စနစ်တကျဖြင့် အချိန်ယူဆောင်ရွက်ခဲ့သဖြင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများမှာလည်း ပြည့်စုံသလောက်နီးပါး ပြီးမြောက်နေပြီ ဖြစ်ကြောင်း၊ ညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပပြီးစီးသည်အထိ ကော်မတီနှင့် ဆပ်ကော်မတီများ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဦးစီးကော်မတီနှင့်ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ကြီးများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံတွင် အသုံးပြုမည့် ထေရဝါဒ ဗုဒ္ဓသာသနာတော်ဆိုင်ရာ စာအုပ်စာတမ်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အမှတ်တရ ပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကိစ္စများ ဆွေးနွေးတင်ပြစဉ်။**

(သတင်းစဉ်)

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် လှထွန်းက ရှင်းလင်းတင်ပြစဉ်။**

**(သတင်းစဉ်)**



**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရှင်းလင်းတင်ပြစဉ်။**

**(သတင်းစဉ်)**



**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**





**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျန်းမာရေးဆိုင်ရာကိစ္စများ ဆွေးနွေးတင်ပြစဉ်။**

(သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ် မှူး ချုပ် အောင်သိန်းက ပြန်ကြားရေးနှင့် သ တင်း ထုတ် ပြန်ရေးကိစ္စများ ဆွေးနွေးတင်ပြစဉ်။**

(သတင်းစဉ်)

# မင်းလှမြို့နယ်အသင်း ပညာရည်ချွန်ဆုချီးမြှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်မြို့)က နှစ်စဉ်ကျင်းပမြဲဖြစ်သော ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း သပြေခန်းမတွင် ဒီဇင်ဘာ ၁၂ရက်(အမျိုးသားနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ မင်းလှမြို့ အထက်တန်းကျောင်းတွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့ပြီး သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ဒုတိယနှင့်တတိယ ရရှိသူများကိုလည်းကောင်း၊ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများကိုလည်းကောင်း ဆုများချီးမြှင့်မည်ဖြစ်သည်။

ပညာရည်ချွန်ဆုအတွက် အလှူငွေထည့်ဝင်လိုသူများနှင့် မင်းလှမြို့သို့ မော်တော်ယာဉ်ဖြင့် လိုက်ပါလိုသူများသည် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဦးတင်အောင် ဖုန်း(ရုံး-၂၅၆၉၀၈၊ အိမ်-၅၂၆၇၃၅)၊ ဦးမြင့်ဆွေ ဖုန်း(အိမ်-၂၅၆၀၃၇)၊ ဦးသန်းစိုး ဖုန်း(ရုံး-၃၇၆၆၈၅၊ အိမ်-၅၃၄၇၃၆) နှင့် ဦးတင်မောင်ဦး ဖုန်း(ရုံး-၅၃၅၃၈၃၊ အိမ်-၅၀၁၀၅၁)တို့သို့ ဆက်သွယ်လှူဒါန်းကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့

**လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။**

**၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလအတွက်**

**နောက်ဆုံးပတ် (တနင်္ဂနွေနေ့) ၂၈-၁၁-၂၀၀၄ရက်နေ့**

**၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်**

**(၁၂-၁၂-၂၀၀၄)ရက်နေ့ နှင့် (၂၆-၁၂-၂၀၀၄)ရက်နေ့**



**ဒေါပုံမြို့နယ် ပုသိမ်မြေရပ်ကွက်တွင် အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်ရီနှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးက ရပ်ကွက်ဥက္ကဋ္ဌထံ စာအုပ်စာစောင်များလှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)**

# အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ(၂၀၀၄) မြန်မာနိုင်ငံအတွင်း စတင်ဖြတ်သန်းမောင်းနှင်

**ရန်ကုန် နိုဝင်ဘာ ၂၅**

အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်မှုပိုမို ဖွံ့ဖြိုးတိုးတက်စေရေးစသည့် ရည်ရွယ်ချက်များဖြင့် အိန္ဒိယနိုင်ငံ စက်မှုလုပ်ငန်းရှင်များအသင်းက စီစဉ်ကျင်းပသော ပထမအကြိမ် အာဆီယံ-အိန္ဒိယ မော်တော်ကားပြိုင်ပွဲ(၂၀၀၄) မြန်မာနိုင်ငံအတွင်း စတင်ဖြတ်သန်းခြင်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းနာရီတွင် မြန်မာ-အိန္ဒိယနယ်စပ် စစ်ကိုင်းတိုင်းရှိ တမူးမြို့ မဟူရာလမ်းမကြီး၌ ကျင်းပသည်။

**စတင်မောင်းနှင်**

အစီအစဉ်အရ ကားပြိုင်ပွဲဝင်များ မြန်မာနိုင်ငံအတွင်း စတင်ဖြတ်သန်းရန် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ် ခင်မောင်အေးက တာလွှတ်၍ ဖွင့်လှစ်လိုက်ရာ ကားပြိုင်ပွဲဝင်များသည် စတင်မောင်းနှင်ထွက်ခွာကြသည်။

**မုံရွာရောက်ရှိ**

ဆက်လက်၍ ကားပြိုင်ပွဲဝင်များသည် မုံရွာမြို့သို့ ရောက်ကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

**မန္တလေးရောက်ရှိ**

ထိုမှတစ်ဆင့် ကားပြိုင်ပွဲဝင်များသည် ညနေပိုင်းတွင် မန္တလေးတိုင်း မန္တလေးမြို့သို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် ကားပြိုင်ပွဲဝင်များသည် မန္တလေးမြို့၌ ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**




# ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေး လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅ ၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေး မှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေး အဖွဲ့) ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**



**တောင်ကြီး တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲတွင် နေ့ပြိုင်ပွဲ၌ အရုပ် မီးပုံးများ လွှတ်တင်ပြိုင်ပွဲဝင်နေကြစဉ်။**
(ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း)

# ဘဏ္ဍာ/အခွန် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အစည်းအဝေးတက်ရောက်ရန် တရုတ်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ်၌ နိုဝင်ဘာ၂၇ရက်တွင် ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် အာဆီယံ+၃ နိုင်ငံများ၏ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ မြန်မာကိုယ်စားလှယ် အဖွဲ့အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့် ဦးစီးဌာနများမှ ဌာနအကြီးအကဲများနှင့် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းလည်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ■ တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်မှ

ယခုအခါ တောင်ကြီးမြို့သူ မြို့သားများသာမက မြန်မာနိုင်ငံအနယ်နယ် အရပ်ရပ်က ပရိသတ်များလည်း ပျော်ရွှင်ပွဲများမျိုးစုံအား လာရောက်ပါဝင်ဆင်နွှဲကြရာ ပွဲတော်၏အနှစ်သာရဖြစ်သော မီးပုံးပျံပြိုင်ပွဲကို စနစ်တကျနှင့် အကောင်းဆုံး၊ အမှတ်တရဆုံးဖြစ်အောင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မီးပုံးပျံပြိုင်ပွဲကျင်းပရေးကော်မတီနှင့်ဆပ်ကော်မတီ အသီးသီးကို ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်စေခဲ့ပေသည်။

ရည်ရွယ်ချက်မှာ တောင်ကြီးမြို့၏ ထူးထူးခြားခြား တိုးတက်ဖွံ့ဖြိုးလာသည့်အခြေအနေကို မီးပုံးပျံပြိုင်ပွဲဖြင့် သိုက်သိုက်မြိုက်မြိုက် ကျင်းပပြုလုပ်ပြသရန်၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းစည်းလုံးလုံးပါဝင်၍ စနစ်တကျယှဉ်ပြိုင်မှုဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု သင်္ကေတအဖြစ် ယူဆောင်ရန်၊ ဗုဒ္ဓဘာသာဝင်တို့၏ရိုးရာအစဉ်အလာမပျက်ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင်ပွဲတော်အား ရိုးရာမပျက်စေရေးအထောက်အကူပြုစေရန်၊ မီးပုံးပျံပြိုင်ပွဲကျင်းပခြင်းဖြင့် တိုင်းရင်းသားများကိုယ့်အားကိုယ်ကိုး၍ စွန့်စားဆောင်ရွက်လိုစိတ်၊ ပူးပေါင်းဆောင်ရွက်လိုစိတ်များဖြစ်လာစေရန်၊ ရိုးရာမီးပုံးပျံပြိုင်ပွဲကို မြန်မာသာမက ကမ္ဘာကသိရှိပြီး မြန်မာတို့၏ရိုးရာမပျက်အမွေအနှစ်များ အစဉ်အလာမပျက်ရှိစေခြင်းများကို ဖော်ထုတ်ပြသရန်တို့ဖြစ်သည်။

**မီးပုံးပျံပြိုင်ပွဲ**

ယင်းရည်ရွယ်ချက်များဖြင့် ကော်မတီများဖွဲ့စည်းခြင်း၊ လုပ်နည်းလုပ်ဟန်များနှင့်ပတ်သက်၍ အသေးစိတ်စီမံချက်များရေးဆွဲခြင်း၊ ပြိုင်ပွဲကျင်းပပြုလုပ် ပေးခြင်းတို့အတွက်ဆောင်ရွက်လျက်ရှိရာ ပြိုင်ပွဲကို နေ့ရောညပါကျင်းပ၍ နေ့ပိုင်းကိုအရုပ်အလှပြိုင်ပွဲ(ခြေနှစ်ချောင်း၊ခြေလေးချောင်းနှင့် အခြားအရုပ်ဟူ၍) သုံးမျိုးခွဲခြားကျင်းပပြီး ညပိုင်းတွင် မီးပုံးပျံအကြီးတန်း ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံတို့ကို ည ၇နာရီမှစ၍ အလှည့်ကျအတိုင်း ပြိုင်ပွဲပြုလုပ်ပေးလေ့ရှိသည်။

**နိုင်ငံခြားသားများလေ့လာ**

မြန်မာ့အလင်းသတင်းအဖွဲ့သည် လွန်ခဲ့သော ၂၀၀၃ခုနှစ် တန်ဆောင်တိုင်က တောင်ကြီးသို့သွားရောက်လေ့လာကြည့်ရှုခွင့်ရခဲ့သည်။ မီးပုံးပျံပြိုင်ပွဲကို နယ်မြေခံ ဆက်သွယ်ရေးတပ်ရင်းရှေ့ရှိကွင်းတွင် ကျင်းပပေးသည်။ ပြိုင်ပွဲကျင်းပရေး ဗဟိုမဏ္ဍပ်နှင့်ကပ်လျက်တွင် ကမ္ဘာလှည့်ခရီးသည်များအတွက် သီးခြားမဏ္ဍပ်တည်ဆောက်ပေးထားသဖြင့် နိုင်ငံခြားသားများလာရောက်လေ့လာရင်း ဓာတ်ပုံနှင့်ဗီဒီယိုများ ရိုက်ကူးနေကြသည်ကို တွေ့ခဲ့ရသည်။

နေ့ပိုင်းတွင် မြင်းရုပ်၊ဆင်ရုပ်၊ကြက်တူရွေး၊ဝက်၊ငှက်စသည့်အရုပ်တို့ကို တစ်ရုပ်ချင်းလွှတ်တင်ပြိုင်ပွဲဝင်သည်ကိုတွေ့ရသလို မြင်းကျားရုပ်များ လွှတ်တင်ရာတွင် ငါးကောင်၊ ခြောက်ကောင်အုပ်စုလိုက် လွှတ်တင်ပြိုင်ပွဲဝင်ကြသည်ကိုလှပစွာတွေ့ခဲ့ရသည်။ ညပြိုင်ပွဲတွင် ညမီးကြီး၊ စိန်နားပန်မီးပုံးပျံများ စက္ခုပသာဒလှပစွာ ပြိုင်ပွဲဝင်နေကြသည်ကိုတွေ့ရသည်။

**မီးရှူးမီးပန်းများရောင်စုံဖြာ**

ညမီးကြီး၊စိန်နားပန် ညလွှတ်မီးပုံးပျံပြိုင်ပွဲတွင် ခေါင်းအချင်း ၁၆ပေမှ ၁၈ပေရှိ မီးပုံးပျံများပါဝင်သလို ခေါင်းအချင်း ပေ၂၀မှ ၂၄ပေအထိရှိသော မီးပုံးကြီးများလည်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ညမီးကြီးပြိုင်ပွဲတွင် အသံမမြည်သော မီးရှူးမီးပန်းများကောင်းကင်တွင် ပေါက်ကွဲ၍ရောင်စုံဖြာနေသော အလှအပများကို ကြည့်ရှုခံစားရသည်မှာ ကြည်နူးဖွယ်၊ နှစ်လိုဖွယ်ဖြစ်သည်။

တောင်ကြီးတန်ဆောင်တိုင်သည် မီးပုံးပျံပြိုင်ပွဲသာမက မြို့ကျက်သရေဆောင်ဘုရားကြီးတွင် မသိုးသင်္ကန်းများရက်လုပ်ပူဇော်ခြင်း၊ မြို့လုံးကျွတ်ဝတ်အသင်းသားများက ရောင်စုံမီးပုံးများထွန်းညှိ၍ ဘုရားလှည့်အပူဇော်ခံခြင်းတို့ကလည်း မြို့တွင်းလမ်းများပေါ်၌ တိုးမပေါက်အောင် စည်ကားလှသည်ကို တွေ့မြင်ခဲ့ရသည်။

**ရှမ်းအိုးစည်သံညံ**

တောင်ကြီးမဟာဘုံကထိန် ဘုရားလှည့်မီးအလှထွန်းပွဲ၊မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ မီးပုံးပျံပြိုင်ပွဲဆုပေးပွဲကိုတန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့တွင် ဗဟိုမဏ္ဍပ်၌ညပိုင်းကျင်းပသည်။ ဆုရသူများက မီးပုံးပျံများကို ပြန်လည်လွှတ်တင်ပြသကြရင်း ရှမ်းအိုးစည်သံညံလျက်ကွင်းလုံးပြည့် ကကြခုန်ကြသည်ကို မြင်ရသည်မှာ ပျော်ရွှင်ကြည်နူးခဲ့ကြရပါသည်။

**ချစ်စရာမြန်မာ့တန်ဆောင်တိုင်ပွဲတော်**

အချုပ်အားဖြင့်တင်ပြရသော် တောင်ကြီးမြို့ မဟာဘုံကထိန်ပွဲ၊ တန်ဆောင်တိုင်ဘုရားလှည့်ပူဇော်ပွဲကို ကျင်းပရေးဗဟိုကော်မတီနှင့် မီးပုံးပျံပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီများအနေဖြင့် ပြိုင်ပွဲများကို နှစ်စဉ်စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ အထူးသဖြင့် တောင်ကြီးမြို့၏ မီးပုံးပျံပြိုင်ပွဲသည် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ စည်းလုံးချစ်ကြည်မှုကို ခိုင်မြဲစေပြီး မြန်မာနိုင်ငံသို့ရောက်ရှိလာသော နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များအတွက် လေ့လာခွင့်ရသော မြန်မာ တို့၏တစ်ဆယ့်နှစ်လရာသီပွဲတော်များအနက်မှ ချစ်စရာမြန်မာ့တန်ဆောင်တိုင်ပွဲတော်တစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

# တနင်္သာရီကမ်းရိုးတန်းနှင့်ကမ်းလွန်တွင်လှိုင်းကြီးနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့တွင်ဖြစ်ပေါ်နေသော **"မူလင်ဖာ"**အမည်ရှိ အပူပိုင်းမုန်တိုင်းသည် မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၁၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းသည် အနောက်ဘက်သို့ ရွေ့လျားကာ ထိုင်းနိုင်ငံတောင်ပိုင်း ကမ်းခြေကို ဖြတ်ကျော်၍ မနက်ဖြန် နံနက်စောစောပိုင်းတွင် ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းသို့ ရောက်ရှိနိုင်သည်။

ယင်းမုန်တိုင်း၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက် ၂၄နာရီအတွင်း တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင် လယ်ပြင်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ကာ လှိုင်းကြီးနိုင်ပြီး မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၅၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

# တရားစခန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ရိပ်သာအတွင်း တရားဟောခမ္မကထိကများက မူလကမ္မဋ္ဌာနာစရိယဆရာကြီး(ဦးကြည်)၏ ဥပနိဿယအတိုင်း တန်ဆောင်မုန်းတရားစခန်းကို ဒီဇင်ဘာ ၄ ရက် မှ ၁၂ရက်အထိ ဖွင့်လှစ်ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် နာယက ဦးမျိုးမြင့် ဖုန်း-၅၃၉၉၂၉၊ ဦးသန်းမြင့် ဖုန်း-၆၆၀၀၀၆နှင့် ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၂၄၇၀၂၇တို့သို့ ဆက်သွယ် စခန်းဝင်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

26-11 (09).p65 1 3/25/05, 1:47 PM

# တန်ဆောင်မုန်းလ ရှင်ပျံကြည်နူး ပွဲတော်ထူး

**လူကထိန်သင်္ကန်းနှင့်**
**မင်္ဂလမ်းတဲ့ဆုပန်ရွယ်။**
**သည်ချိန်ဆို ဝတ်မှုန်ကြဲလို့**
**ခဝဲရွှေညာရင်းမှာ သင်းရန့်ကြွယ်။**
**ကောင်းကင်လယ်**
**ထက်ဝယ်ဘုံဦး၊**
**ရွှေလစန္ဒာနှင့်**
**ကြယ်တို့ကာကြယ်ပြောင်ရွှန်းတယ်**
**ထွန်းထိန်လို့မြူး။** (ဖိုးသူတော်ဦးမင်း)

တန်ဆောင်မုန်းလ ဟူသော ဝေါဟာရကို ရှေးခေတ်ပုဂံကျောက်စာများတွင် "တန်ဆောင်မှုန်"ဟု ရေးထိုးခဲ့ကြသည်။ "တန်ဆောင်"ဆိုသည်မှာ ဆီမီး၊ မီးရှူး၊ မီးတိုင်ဖြစ်ပြီး "တန်ဆောင်မုန်း"ဟူသည် ဆီမီးတို့ ထွန်းညှိတောက်ပစေသောလဟု အဓိပ္ပာယ်ရသည်။ တန်ဆောင်မုန်းလသည် မြန်မာတစ်ဆယ့်နှစ်လတွင် အဋ္ဌမမြောက်လဖြစ်၍ ရာသီအားဖြင့် ဗြိစ္ဆာရာသီဖြစ်ပြီး တာရာအနေအားဖြင့် ကြိုးမင်းတာရာ ဖြစ်သည်။

တန်ဆောင်မုန်းလနှင့်စပ်လျဉ်း၍ မဟာအတုလမင်းကြီး၏ ဗြိစ္ဆာရာသီဘွဲ့လွမ်းချင်းတွင်–

**"မြောက်လေငယ်သွင်းပါလို့၊ မြူနှင်းငယ်စိုစို**
**မြင်တိုင်းငယ်ပျိုသည်၊ ရွှေကြီးညိုတာရာနှင့်**
**ကြယ်တို့ကာထွန်းတဲ့လကိုလေး။**
**တန်ဆောင်ငယ်မာသ၊ ဆယ့်နှစ်လတွင် ချမ်းမြအေးယင်**
**ဗြိစ္ဆာခွင်သို့၊ ရက်ငင်ပြောင်းခွာ၊ ခဝဲညာလဲ၊ ခိုင်လွှာဝတ်မှုန်**
**ရန့်သာထုံတော့တယ်၊ ဘုန်းဂုဏ်ကြော့သမ္ဘိန်မှာ**
**လူကထိန်သဘင်ခင်းပါလို့၊ ကျင်းကြတယ်လေး"**ဟု စပ်ဆိုထားသည်။

မြန်မာနိုင်ငံ၌ တန်ဆောင်မုန်းလရောက်တိုင်း တန်ဆောင်တိုင်မီးထွန်းပွဲ ကျင်းပလေ့ရှိကြသည်။ တန်ဆောင်တိုင်ပွဲတော်တွင် စေတနာသဒ္ဓါတရား ထက်သန်ကြသော ဗုဒ္ဓဘာသာဝင်များသည် ဘာသာရေးနှင့်ဆက်နွယ်ကာ တာဝတိံသာနတ်ပြည်၌ရှိသော စူဠာမဏိစေတီတော်ကို အာရုံယူမှန်းမျှော်ကြည်ညို၍ ဗုဒ္ဓနုဿတိပွားများပြီး ဆီမီးအလင်းရောင်တို့ဖြင့် မြို့တိုင်း၊ အိမ်တိုင်းတွင် ထွန်းညှိပူဇော်ကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ညသည် ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး ပြစ်မျိုးငါးဝ ကင်းစင်ပြီး ကောင်းကင်ပြင်ကြည်လင်လှသဖြင့် နက္ခတ်ပွဲသဘင်ဆင်ယင်ကျင်းပနေဘိအလား အောက်မေ့ရသည်။ ယင်းနေ့တွင် မြန်မာနိုင်ငံ၌ မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲများ ကျင်းပလေ့ရှိသည်။

ဤလတွင် ကောင်းကင်နက္ခတ်စုံသဖြင့် သစ်ရွက်သစ်ဖူးတို့တွင် မဲဇလီဖူး၌ ဆေးပေါင်းခသည်ဟု အယူရှိကြ၍ မဲဇလီဖူးသုပ်ပြုလုပ်ကာ အိမ်နီးချင်း မိတ်ဆွေများအား ဝေငှပြီး မိသားစုများနှင့်အတူ ပျော်ရွှင်စွာ စားသောက်သော အလေ့အထရှိကြသည်။

## ထွန်းထွန်းဦး (ကမ္ဘောဇရိပ်သာ)

တန်ဆောင်မုန်းလသည် မိုးအကုန် ဆောင်းအကူးကာလ ဖြစ်သည်။ မြေသင်းနံ့များ သင်းပျံ့ကာ မိုးရိပ်မိုးငွေ့တို့ ကွယ်ပျောက်သွားကြပြီး နှင်းငွေ့များ စတင်ဝင်ရောက်လာချိန်ဖြစ်သည်။ "မိုးလကုန်စဲ ကထိန်ပွဲ"ဟူသော ဆိုရိုးစကားနှင့်အညီ ဤလတွင် မြန်မာနိုင်ငံရှိ ဘာသာရေးပွဲတော်များအနက် ကထိန်ပွဲတော်များ ကျင်းပလေ့ရှိကြသည်။ ကထိန်ပွဲတော်သည် သံဃာတော်များအတွက် လွန်စွာအရေးပါသော ပွဲတော်တစ်ခု ဖြစ်သည်။

ကထိန်နှင့်စပ်လျဉ်း၍ တင်ပြလိုပါသည်။ ကထိန်ဟူသည့် စကားမှာ "ကထိန"ဟူသော ပါဠိစကားမှ ဆင်းသက်လာသဖြင့် မြဲမြံခိုင်ခံ့ခြင်းဟု အဓိပ္ပာယ်ရသည်။ တိပိဋကပါဠိ–မြန်မာအဘိဓာန်ကျမ်းကြီး(အတွဲ ၅–၁၉၇)၌ အောက်ပါအတိုင်း ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

(၁) အာနိသင်အကျိုး ငါးမျိုးကို တစ်ပြိုင်နက် ရရှိစေနိုင်သောကြောင့် လည်းကောင်း၊
(၂) ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းအပ်သောကြောင့် လည်းကောင်း၊
(၃) သစ်ပင်ကြီးကဲ့သို့ မြဲမြံခိုင်ခံ့သော သဘောရှိသောကြောင့် လည်းကောင်း၊
(၄) ကထိန်ခင်း၍ အာနိသင်ရသော ရဟန်းတော်များမှာ ယခုချက်ချင်းပင် ကထိန်ခင်းသည့်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ ငါးလခန့် အကျိုးတရားငါးပါးမြဲမြံစွာရရှိသောကြောင့်လည်းကောင်း ကထိန်ဟုခေါ်ကြောင်း အကျယ်ဖွင့်ဆိုထားသည်။

ထို့အပြင် ကျောင်းတိုက်အတွင်း၌ ပုရိမဝါကပ်ဆိုတော်မူကြသော သံဃာတော်များသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် တစ်လအတွင်း၌ ကျောင်းတစ်ကျောင်းတွင် တစ်နှစ်လျှင် တစ်လ၊ တစ်လလျှင် တစ်ကြိမ်သာ ကထိန်ခင်းနိုင်သောကြောင့် အချိန်ကာလပြောင်းလဲမရဘဲ မြဲမြံလှသောကြောင့် ကထိန်ဟု ခေါ်ရသည်။

ကထိန်သင်္ကန်းစတင်ဖြစ်ပေါ်လာပုံမှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘုရားရှင် သီတင်းသုံးတော်မူနေစဉ် ပါဝေယျကတိုင်းသား ဖြစ်ကြသော ဘဒ္ဒဝဂ္ဂီရဟန်းညီနောင် သုံးကျိပ်တို့သည် ဘုရားရှင်အား ဖူးမြော်ရန် ပါဝေယျကတိုင်းမှ သာဝတ္ထိပြည်သို့ ကြွခဲ့ကြသည်။ လမ်းခရီးတွင် ဝါဆိုရန်နီးကပ်လာသဖြင့် သာဝတ္ထိနှင့် ၄၈မိုင်ခန့်ဝေးသော သာကေတမြို့၌ပင် တစ်ဝါဆိုကြသည်။ ရဟန်းသုံးကျိပ်တို့သည် အရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံ့သကူဓုတင်၊ တိစီဝရိတ်ဓုတင်များ ဆောက်တည်ကြလေသည်။ သီတင်းကျွတ်လပြည့်နေ့ရောက်သောအခါ ပဝါရဏာပြုကြပြီး မိုးကြီး သည်းထန်စွာရွာသွန်းနေသည့်ကြားမှာပင် ဘုရားရှင်အားဖူးမြော်ရန် သာဝတ္ထိမြို့သို့ အရောက်လာခဲ့ကြသည်။

မိုးရွာထဲတွင် ခက်ခက်ခဲခဲသွားကြရသဖြင့် အထပ်ထပ်ချုပ်ထားသော ပံ့သကူသင်္ကန်းတို့သည် မိုးရေစက်တို့ဖြင့် ရွှဲရွှဲစိုကာ လေးလံပင်ပန်းစွာ သယ်ဆောင်သွားကြရသည်။

သာဝတ္ထိသို့ရောက်သောအခါ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်လျှောက်ပတ်သောနေရာ၌ ထိုင်ကြသည်။ ဘုရားရှင်သည် ရောက်လာသော ရဟန်းတို့အား ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်စကား မိန့်ကြားတော်မူသည်။ ရဟန်းတော်များကလည်း မိမိတို့လမ်းခရီးတစ်လျှောက် ဖြစ်ပျက်ခဲ့ပုံ အလုံးစုံကို လျှောက်ထားကြသည်။ ဘုရားရှင်သည် ဘဒ္ဒဝဂ္ဂီရဟန်းတို့ ခံစားလာရသော ဆင်းရဲဒုက္ခကို မဟာကရုဏာသက်တော်မူ၍ "အကယ်၍ ကထိန်သင်္ကန်းခွင့်ပြုတော်မူလျှင် ရဟန်းတို့သည် သွားလေရာ နှစ်ထပ်သင်္ကန်းယူစရာမလိုတော့သဖြင့် ယခုကဲ့သို့ ဆင်းရဲပင်ပန်းမှု ဖြစ်ကြရလိမ့်မည်မဟုတ်၊ ရှေးဘုရားရှင်တို့သည်လည်း ကထိန်ကို ခွင့်ပြုပြီးဖြစ်သည်"ဟု အကြံဖြစ်တော်မူကာ–

"ချစ်သားရဟန်းတို့ ဝါကျွတ်ကုန်သော ရဟန်းတို့အား ကထိန်ခင်းခြင်းကို ငါဘုရားခွင့်ပြု၏"ဟု ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူခဲ့သည်။

ထို့ကြောင့် တန်ဆောင်မုန်းလတွင် ကျင်းပပြုလုပ်လေ့ရှိသော မြန်မာ့ရိုးရာပွဲတော်များအနက်မှ အထူးမြတ်ဆုံး **"ကာလဒါန"**ဖြစ်သော "ကထိန်သင်္ကန်းလှူဒါန်းခြင်း"ကုသိုလ်ပွဲကို ပါဝင်ဆင်နွှဲပြီး မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်လှမ်းနိုင်ကြပါရန် တင်ပြအပ်ပါသည်။ ။



**အထက(၁) ကွမ်းခြံကုန်းမြို့ မိသားစု၏(၁၁)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၁၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးရွှေသိန်းက ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



**နိုဝင်ဘာ ၂၁ ရက်က သာကေတမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၂)တွင် ကျောင်းသား ကျောင်းသူများ သောက်သုံးရေဖူလုံစေရေး အတွက် ၄/တောင်ရပ်ကွက် မြို့မလမ်း အမှတ်(၅၁၀)နေ ဦးထွန်းရွှေ–ဒေါ်နွယ်နွယ်ခိုင် မိသားစုက ငွေကျပ် ၆၇၀၄၅၀ တန်ဖိုးရှိ စက်ရေတွင်းနှင့် မော်တာလှူဒါန်းပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းအောင်က အလှူရှင် ဦးထွန်းရွှေမိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က–ပ)

## ဂျက်ကီချန်း၏ Around The World in 80 Days ရုံဝင်လာ ပန်းဒဏ္ဍာရီ မြန်မာကား ရုံသုံးရုံ၌ ဆက်လက်ပြသ

ရန်ကုန် နိုဝင်ဘာ ၂၅

**ဒါရိုက်တာ အကယ်ဒမီမောင်တင်ဦး ကြီးကြပ်၍ ဟိန်းစိုးရိုက်ကူးသည့် ပန်းဒဏ္ဍာရီဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။**

### ရုပ်ရှင်သတင်းထောက်

**ပန်းဒဏ္ဍာရီ**

မန္တလေးမြို့၏ အရှေ့မြောက် ယွန်းယွန်းက သခင်မတောင် ပန်းကောက်ပွဲမှ စခဲ့သော အချစ်ဇာတ်



**'ပန်းဒဏ္ဍာရီ' ဇာတ်ကားမှ မင်းမော်ကွန်းနှင့် စိုးမြတ်နန္ဒာတို့၏ ကြည်နူးရိပ်အပြုံးများ။**

လမ်းကို နာကြည်းဖွယ်၊ ကြေကွဲလွမ်းဆွတ်ဖွယ် ရိုက်ကူးတင်ဆက်ထားသည်။ သခင်မတောင်တွင် အချိန်တန်လျှင် ပွင့်မြဲဖြစ်သည့် သရဖီပန်းလေးများက ပြောပြဟန်ရှိသော ဤအချစ်ဇာတ်လမ်းတစ်ပုဒ်ကို ယုံကြည်ရန် မဖြစ်နိုင်ဟုဆိုပါလျှင် ပုံပြင်သို့မဟုတ် ဒဏ္ဍာရီ တစ်ပုဒ်အဖြစ်သာ သတ်မှတ်လိုက်ရုံသာ ရှိပါသည်ဟု ဆိုလာသော **ပန်းဒဏ္ဍာရီ** ဖြစ်သည်။

**ပင့်ကူလူသား(၂)**

နေပြည်တော်ရုံတွင် နာမည်ကြီးမင်းသား ဂျက်ကီချန်း ခေါင်းဆောင်သော **Around the World in 80 Days** ဇာတ်ကား ရုံဝင်လာသည်။

**မကြာမီ ရုံဝင်လာမည့် 'နောက်မကျကြေး' ဇာတ်ကားမှ ဒွေးနှင့် အိန္ဒြာကျော်ဇင်။**



သိပ္ပံပညာရှင်နှင့် လူဆိုးဂိုဏ်းတို့၏ အရှုပ်တော်ပုံကို ရိုက်ကူးထားသော အက်ရှင်ကားဖြစ်သည်။ ရှေ့ဆောင်ရုံတွင် **Spiderman II** ဇာတ်ကား ဆက်လက်ပြသနေသည်။

**ဘာအရေးကြီးဆုံးလဲ**

သရုပ်ဆောင်ဒါရိုက်တာ ဇာဂနာ၏ **ဘာအရေးကြီးဆုံးလဲ** ဇာတ်ကား ရွှေဂုန်ရုံတွင် ရုံဝင်လာသည်။ ဘာအရေးကြီးဆုံးလဲတွင် ကျော်သူ၊ ဇာဂနာ၊ လူမင်းတို့ ခေါင်းဆောင်ပါဝင်ထားသည်။

တန်းမြင့်မြို့မရုံတွင် အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကား **Qayamat** ဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် အက်ရှင်မင်းသား စူနီးလ်ရှက်သီး ခေါင်းဆောင် ပါဝင်ထားပြီး သည်းထိတ်ရင်ဖိုကြည့်ရမည့် ဇာတ်ကားဖြစ်သည်။**(မြန်မာ့အလင်း)**

**'Around the World in 80 Days' ဇာတ်ကားမှ ဂျက်ကီချန်း၏ လှုပ်ရှားဟန်။**



### နောက်မကျကြေးရုံတင်မည်

ဇာတ်လမ်းနှင့် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)ရိုက်ကူးပြီး ဒွေး၊ မင်းဟိဏ်း၊ နန္ဒ၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်တို့ခေါင်းဆောင်ပါဝင်ထားသော **နောက်မကျကြေး** ဇာတ်ကား မကြာမီ ရုံတင်မည်ဖြစ်သည်။ နောက်ကျကောင်းလို့ မင်္ဂလာရထားစီးလိုက်ရပုံများကို ဟာသနှော ရိုက်ကူးထားသည့် အချစ်ဇာတ်မြူးကား ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

# ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တ သောဘိတမဟာထေရ်၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့်အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

**ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ပခုက္ကူ မဟာဝိသုတာရာမနိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီးတို့၏ ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတမဟာထေရ်၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်အတွင်း၌ ကျင်းပသည်။**

## တက်ရောက်ကြည်ညို

စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့်အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော်၊ တိုက်အုပ်ဆရာတော်နှင့်နာယကဆရာတော်များ၊ စာချစာသင်သံဃာတော်များ၊ ရပ်ဝေးရပ်နီးမှတပည့်သံဃာများ ကြွရောက်၍ သံဝေဂဉာဏ်ပွားများကြပြီး သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေး၊ စျာပန ကျင်းပရေးကော်မတီဝင်များ၊ အမှတ်(၂)စစ်ဒေသမှူးဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့်အဖွဲ့ဝင်များ၊ စျာပနကျင်းပရေးဆပ်ကော်မတီဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဆရာတော်ကြီး၏ ဆွေတော်မျိုးတော်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ဝတ်အသင်းများ၊ တပည့်ဒါယကာဒါယိကာမများနှင့် အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။

ထို့နောက် အစီအစဉ်အရ ဆရာတော်သံဃာတော်များနှင့်ပရိသတ်များက "သဗ္ဗေသင်္ခါရာ အနိစ္စာတိ"အစရှိသောသံဝေဂသုံးဂါထာကို ရွတ်ဆိုသံဝေဂဉာဏ်ပွားများကြ၍ အခမ်းအနားကိုဖွင့်လှစ်သည်။

## သီလဆောက်တည်

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များကငါးပါးသီလခံယူဆောက်တည်ကြပြီး သာသနာရေးဦးစီးဌာန ရန်ကုန်တိုင်းသာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အားစံကျောင်းတော်သို့ ကြွချီတော်မူပါမည့်အကြောင်းအဘိယာစနနိမန္တ ဂါထာဖြင့်ပင့်လျှောက်သည်။

ဆက်လက်၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ယာယီစံကျောင်းတော်မှ ကျောင်းတိုက်ဝင်းအတွင်းရှိ စံကျောင်းတော်မဏ္ဍပ်သို့ ပင့်ဆောင်ခြင်း အစီအစဉ်ကိုကျင်းပရာ ဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော် အဆောင်အယောင်များနှင့်ဓာတ်ပုံတော်များကို ဥပါသကာများက ရှေ့ဆုံးမှ ပင့်ဆောင်ကြပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား တပည့်သံဃာတော်များ၊ စျာပန ကျင်းပရေးကော်မတီဝင်များ၊ ဆရာတော်ကြီး၏ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာများက အသီးသီးအလှည့်ကျပင့်ဆောင်ကြကာ နတ်မင်းကြီးလေးပါးတို့က ထီးဖြူတော်များကိုင်ဆောင်ကြလျက်လည်းကောင်း၊ ဝတ်အသင်းများက ရုပ်ကလာပ်တော်ပင့်ဆောင်ရာ လမ်းတစ်လျှောက်၌ လက်အုပ်ချီမိုးကြလျက်လည်းကောင်း အသီးသီးပင့်ဆောင်ကြသည်။

## သီဆိုပူဇော်

ထိုသို့ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်မဏ္ဍပ်သို့ ပင့်ဆောင်ကြစဉ် ပရိသတ်များက လက်အုပ်ချီမိုးကြလျက်လည်းကောင်း၊ မန္တလေးဖိုးသာအောင်မင်္ဂလာဆိုင်း အဖွဲ့နှင့်အတူ ပျဉ်းမနားဝါဝါရွှေနှင့် ရွှေခြံသူ သီတာဝင်းတို့က ကောင်းကင်ကြိုး သီချင်းဖြင့် သီဆိုပူဇော်ကြလျက်လည်းကောင်း သံဝေဂပွားများ ပူဇော်ကြသည်။

ထို့နောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စံကျောင်းအတွင်းရှိ ကြာကလပ်တော်၌ အပူဇော်ခံထားရှိပြီး ပရိသတ် အားလုံးက ဩကာသကန်တော့ချီးဖြင့် ဆရာတော်ကြီးအား ရှိခိုးပူဇော်ကြသည်။

## ထီးဖြူတော်ဖွင့်

ဆက်လက်၍ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ အကြံပေးအရာရှိ ဦးမင်းကြည်က ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်၌ သီတင်းသုံးပါမည့်အကြောင်း အဘိယာစနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးစိန်အောင်မင်းနှင့် စိန်မိသားစုက မန္တလေးဖိုးသာအောင် မင်္ဂလာဆိုင်းအဖွဲ့နှင့် တွဲဖက်လျက် နတ်မင်းကြီးလေးပါးနှင့်အတူ ထီးဖြူတော်ဖွင့်၍ ပူဇော်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ပျဉ်းမနား ဝါဝါရွှေနှင့်အဖွဲ့က မန္တလေးဖိုးသာအောင်မင်္ဂလာဆိုင်းအဖွဲ့နှင့်တွဲဖက်ကာ ဖျော်ဖြေကျူးပူဇော်ကြသည်။

**(သတင်းစဉ်)**



ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ မြင်းခြံမြို့ မဟာဝိသုတာရာမနိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီးတို့၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ မဟာထေရ်၏ ရုပ်ကလာပ်တော်အား ယာယီစံကျောင်းတော်မှ ကျောင်းတိုက်ဝင်းအတွင်းရှိ စံကျောင်းတော်မဏ္ဍပ်သို့ ပင့်ဆောင်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သံဃာတော်များနှင့် ဒါယကာဒါယိကာမများလာရောက်ဖူးမြော်ကန်တော့

ရန်ကုန် နိုဝင်ဘာ ၂၅

**ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်း ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး အတွင်းရှိ ယာယီစံကျောင်းတော်၌ အပူဇော်ခံထားရှိသည့် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဘဝနတ်ထံပျံလွန်တော်မူသွားသော သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါရှိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏အဓိပတိ ပခုက္ကူ မဟာဝိသုတာရာမနိကာယကြီး၏အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီးတို့၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်တော်အား ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ ရပ်နီးရပ်ဝေးမှ သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများက လာရောက်ဖူးမြော်ကန်တော့ကြသည်။**

နံနက် ၉ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသက အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် ကန်တော့တောင်းပန်လွှာကို ဖတ်ကြားလျှောက်ထားတော်မူပြီး ဆရာတော်ကြီး၏ တပည့်များဖြစ်ကြသော ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ရှိ ပဓာန နာယက ဆရာတော်၊ တိုက်အုပ် ဆရာတော်၊ စာချစာသင် သံဃာတော်များနှင့်အနယ်နယ်အရပ်ရပ်ရှိ တပည့်သံဃာတော်များက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ညီညာဖြိုဖြို စုပေါင်းကန်တော့ကြသည်။

ထို့အပြင် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းဆင်းအနုပညာရှင်များက လယ်တီဆရာတော်ကြီး၏ ခုနစ်နေ့ဘုရားရှိခိုး အန္တိမပူဇာဂါထာများ၊ ရတုများနှင့် ဓမ္မပူဇာတေးများဖြင့် သီကျူးပူဇော်ကြ၍လည်းကောင်း၊ ဝတ်အသင်းအဖွဲ့များဖြစ်ကြသည့် မြင်းခြံမြို့ ဝတ်အသင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၁၀၇) ရပ်ကွက် ဝိသာခါဝတ်အဖွဲ့၊ အမှတ်(၂၆)ရပ်ကွက် အောင်ဇေယျဝတ်အဖွဲ့၊ အမှတ်(၇၁)ရပ်ကွက် ယောဂီဝတ်အဖွဲ့နှင့် ဝတ်အသင်း အဖွဲ့များက ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ အဘိဏှသုတ်၊ ဓမ္မစက္ကပ္ပဝတ္တနသုတ်၊အနတ္တလက္ခဏသုတ်၊ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့် ရှစ်လုံးဖွဲ့ကဗျာများဖြင့်လည်းကောင်း ရွတ်ဖတ်ပူဇော်ကြသည်။ **(သတင်းစဉ်)**

# ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား အနုပညာရှင်များက ဖြေကျူးပူဇော်ကြမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ဘဝနတ်ထံဝင်စံတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ မဟာထေရ်၏ ရုပ်ကလာပ်တော်အား ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) ပုလဲရတနာလမ်း ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက် အတွင်းရှိ စံကျောင်းမဏ္ဍပ်၌ အပူဇော်ခံထားလျက်ရှိရာ နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီတွင် ဂီတသဘင်အနုပညာရှင်များကလည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ဖန်ခွက်စိန်ဇာတ်အဖွဲ့ကလည်းကောင်း၊ ညနေ ၃ နာရီတွင် မြင်းခြံဆရာတော်ကြီး၏ တပည့် အနုပညာရှင် ဒါယကာ ဒါယိကာမများက လည်းကောင်း ဖြေကျူးပူဇော်ကြမည်ဖြစ်ပြီး ညပိုင်း၌ စိန်စတင်းနှင့် မန္တလေးဖိုးသာအောင် မင်္ဂလာဆိုင်းအဖွဲ့တို့က တီးခတ်ပူဇော်ညှော့ခံကြမည် ဖြစ်သည်။

ထို့အတူ နိုဝင်ဘာ ၂၇ရက် နံနက် ၈ နာရီတွင် ရွှေခြံသူသီတာဝင်းနှင့် အဖွဲ့က ဖြေကျူးပူဇော်ကြမည်ဖြစ်ပြီး နံနက် ၁၀ နာရီတွင် စိန်စတင်းနှင့် မန္တလေးဖိုးသာအောင် မင်္ဂလာဆိုင်းအဖွဲ့တို့က တီးခတ်ပူဇော်ညှော့ခံကြမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရွှေနံ့သာ မိုးကုတ်ဓမ္မရိပ်သာ တရားစခန်းပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

သန်လျင်မြို့ ရွှေနံ့သာ ပရိယတ္တိကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယျအတိုင်း ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး တရားတော်များကို ခန္ဓာရှိ ဉာဏ်အသိနှင့် ကိုက်ညီအောင် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက သာသနာပြု နယ်လှည့်ဓမ္မကထိက မိုးကုတ်ကမ္မဋ္ဌာနာစရိယ ဆရာတော် ရွှေနံ့သာ အရှင်ဉာဏောဘာသ၊ ရွှေနံ့သာ အရှင်ရေဝတဓမ္မ (သာသနဓဇ ဓမ္မာစရိယ) မိုးကုတ်ဓမ္မကထိက ဆရာတော်အရှင်သူမြတ်တို့နှင့် ရန်ကုန်မြို့ မိုးကုတ်အဖွဲ့ချုပ်ကြီးမှ နယ်လှည့် မိုးကုတ်ဓမ္မကထိက ဆရာကြီး ဦးသိန်းဆွေ (ပွင့်ဖြူ)တို့က ဒီဇင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ခုနစ်ရက်တိုင်တိုင် ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက် အားထုတ်လိုသော ယောဂီများနှင့် တရားစခန်းပတ်အတွင်း ယောဂီများအား အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အအေးဖျော်ရည်များအား လှူဒါန်းလိုကြပါက ဖုန်း-၀၅၆-၂၁၉၆၁ သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# လစဉ်တရားစခန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ)ကကြီးမှူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁) ရပ်ကွက် ၂လမ်း ရတနာမဥ္ဇူဓမ္မရိပ်သာ၌ လယ်တီမူအနာဂါမ်ဆရာသက်ကြီး နည်းဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလပျော်ဘွယ်ကြီး) ဦးဆောင်ကာ လစဉ်လပြည့်ကျော် ၈ရက်တိုင်း ခုနစ်ရက်ဝိပဿနာတရား စခန်းဖွင့်မည် ဖြစ်သည်။တရားစခန်းဖွင့်မည့်နေ့ နံနက် ၇ နာရီအရောက် အမျိုးသားမှတ်ပုံတင် ယူဆောင်၍ ရတနာမဥ္ဇူ ဓမ္မရိပ်သာသို့ လာရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌမြင်းခြံဆရာတော်ကြီးအန္တိမစျာပန အနုပညာဖြင့် ဓမ္မတေးပူဇော်ရေး အစီအစဉ်

| နေ့ရက် | အချိန် | ပူဇော်မည့်အဖွဲ့ |
|---|---|---|
| ၂၆-၁၁-၂၀၀၄ | ၀၈း၀၀ | ဂီတသဘင်အနုပညာရှင်များ |
| ၂၆-၁၁-၂၀၀၄ | ၁၃း၀၀ | ဖန်ခွက်စိန်ဇာတ်အဖွဲ့ ဖြေကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၆-၁၁-၂၀၀၄ | ၁၅း၀၀ | ဂီတသဘင်အနုပညာရှင်များ |
| ၂၆-၁၁-၂၀၀၄ | ၁၉း၀၀ | ဆိုင်းအဖွဲ့(စိန်စတင်း/ဖိုးသာအောင်) |
| ၂၇-၁၁-၂၀၀၄ | ၀၈း၀၀ | ရွှေခြံသူ သီတာဝင်း ဖြေကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၇-၁၁-၂၀၀၄ | ၁၀း၀၀ | ဆိုင်းအဖွဲ့(စိန်စတင်း/ဖိုးသာအောင်) |

# ကလေးသူငယ်မျက်မမြင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ကလေးသူငယ် မျက်မမြင် ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက အဖွင့်အမှာစကား ပြောကြားပြီး စီမံချက်မန်နေဂျာ ဒေါက်တာညွှန့်မောင်က စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ **(က-ပ)**





# ငမိုးရိပ်ရေထိန်းတံခါးပြီးစီးပါက စိုက်ပျိုးရေလိုအပ်ချက် ဖြည့်ဆည်းပေးနိုင် လုပ်ငန်းစံချိန်စံညွှန်းမီ အလေးထားဆောင်ရွက်ရေး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေမှာကြား

ရန်ကုန် နိုဝင်ဘာ ၂၅

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် အမှတ်(၁)စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီးနေဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တို့သို့ သွားရောက်၍ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဆင်ဖုန်ကျေးရွာအနီး ခရေပင်လမ်းသို့ ရောက်ရှိပြီး လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့၏ (ဂ)အဆင့် ရဲတပ်ဖွဲ့ စခန်းတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် မလစ်ကျေးရွာ ကွင်းအမှတ် ၄၉၂-A သို့ရောက်ရှိကြပြီး တောင်သူလယ်သမားများက ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့(CNG) သုံး ရေစုပ်စက်ဖြင့် ရေတင်ပြီး နွေစပါးဧက ၂၅၀ စိုက်ပျိုးနိုင်ရေး၊ အရှည်ပေ ၃၈၀၀ ရှိ ကိုယ့်အားကိုယ်ကိုး မြေပေါ်မြောင်းတူးဖော်နေမှုကို လည်းကောင်း၊ လယ်သမားကြီးဦးရဲမြင့်အောင်နှင့် ဦးအောင်စိုးတို့၏ ဆင်းသွယ်လတ်၊ ညော့မထလတ်၊ ညော့မထစော၊ မနောသုခ၊ ရွှေနံ့သာ(၉)၊ ရေဆင်း(၃)စပါးမျိုးများကို တစ်နှံမှတစ်ကွင်း၊ တစ်ကွင်းမှတစ်နိုင်ငံ ခေါင်နှံဖြင့် ကိုယ့်မျိုးကိုယ်ထား မျိုးသန့်ပွားရန် စီစဉ်ထားရှိမှုကို လည်းကောင်း၊ ရေဆင်း (၃) မျိုးသန့်စပါးကို စံကွက်ရိုက်သိမ်းပြီး ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှု၊ ဒေသလုပ် လေမှုတ်ပန်ကာဖြင့် စပါးလှေ့နေမှုများကို လည်းကောင်း၊ လယ်မြေအတွင်း ရေစုပ်စက်ဖြင့် ရေတင်၍ နွေစပါးစိုက်ပျိုးရန် စက်ယန္တရားဖြင့် မြေထွန်ယက်ပြုပြင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးအောင်ဆန်းက လိုက်လံ ရှင်းလင်းပြသသည်။

**ပံ့ပိုးဖြည့်ဆည်းပေး**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကိုယ့်အားကိုယ်ကိုး မြေပေါ်မြောင်း အမြန်ပြီးစီးရေးဆောင်ရွက်ကြရန်၊ နွေစပါးစိုက်ပျိုးရာသီတွင် လျှပ်စစ်မြစ်ရေတင်အဆင့်သို့မြှင့်တင်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားကြရန်နှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအလားအလာရှိသည့် စပါးမျိုးများကို ခေါင်နှံဖြင့် မျိုးသန့်ပွားများ ထိန်းသိမ်း၍ တောင်သူလယ်သမားများ၏ လက်ဝယ်သို့ အမြန်ရောက်ရှိ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားကြရန် မှာကြားပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး စစ်ပင်တောင်ကွေ့ရှိ ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စက်ယန္တရားများဖြင့် ရေဝင်ရေထွက် မြောင်းများ တူးဖော်နေမှု၊ ရေထိန်းတံခါး တံခါးရွက် Gate Frame တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ Pier တိုင် ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Foundation ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Retaining Wall ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်သိန်းက ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ငမိုးရိပ်ရေထိန်းတံခါးတည်ဆောက်ပြီးစီးသွားပါက ငမိုးရိပ်ချောင်းဘေး/ဝဲ ယာရှိ စိုက်ပျိုးမြေများအချိန်မီ နွေစပါး စိုက်ပျိုးနိုင်ရေး၊ နွေစပါးနှင့် အခြားသီးနှံစိုက်ဧကများ တိုးတက်လာစေရေး၊ သီးနှံများအထွက်တိုးရေးတို့အတွက် စိုက်ပျိုးရေလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ ဝင်ငွေတိုးတက်လာစေမည့်အပြင် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံချက်ကို အထောက်အကူပြုမည်ဖြစ်၍ လုပ်ငန်းများစံချိန်စံညွှန်းမီစွာ သတ်မှတ်ချိန်အမီ ပြီးစီးရေး စနစ်တကျ အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

**စိုက်ပျိုးရေ ပေးဝေနိုင်မည်**

အဆိုပါ ငမိုးရိပ်ရေထိန်းတံခါးသည် အမြင့် ၁၂ ပေ၊ အကျယ် ၈ ပေရှိ ရေတံခါး ၁၈ ပေါက်နှင့် အမြင့် ၁၂ ပေ၊ အကျယ်၆ပေ ၉လက်မရှိသဲနှုန်းထုတ်ရေတံခါး ရှစ်ပေါက် အပါအဝင် စုစုပေါင်း ရေတံခါး ၂၆ ပေါက်ပါရှိသည့် ရေသွင်း၊ ရေထုတ် ရေတံခါး အမျိုးအစားဖြစ်ပြီး အရှည် ပေ ၁၂၀၀ ရှိ၊ ရေခေါ် မြောင်းမကြီးနှင့် အရှည်ပေ ၂၀၀၀ ရှိ ရေထုတ်မြောင်းမကြီးများ တူးဖော်ထားရှိသည်။ ငမိုးရိပ်ရေထိန်းတံခါး၏ စီမံကိန်းကြီးပြီးစီးသွားပါက မိုးရာသီတွင် ငမိုးရိပ်ချောင်းတစ်လျှောက်ရှိ လယ်မြေများကို ရေနစ်ဝင်ရောက်ခြင်းမှ တားဆီးနိုင်မည့်အပြင် နွေရာသီတွင် ရေချိုလှောင်၍ လယ်ဧက ၅၀၀၀ ကျော်ကို နွေစပါးစိုက်ပျိုးရန် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# သနပ်ပင် အထက ရွှေရတုသဘင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

သနပ်ပင်မြို့နယ် အခြေခံပညာ အထက် တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနား၊ (၁၃) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်ရာ ၁၉၅၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း အထက သနပ်ပင်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများအားလုံးနှင့် ပညာဆည်းပူးသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများသည် အခမ်းအနားဖြစ်မြောက်ရေးအတွက် အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ဒေါ်သန်းသန်း ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၅၂-၂၂၃၇၅၊ ဦးဖိုးဇော် ဖုန်း-၀၅၂-၂၂၃၇၆၊ ဦးဝင်းကြည် ဖုန်း-၀၁-၆၈၀၉၈၈၊ ၀၉၈-၂၄၄၈၀၊ ဦးကြည်မြင့် ဖုန်း-၀၁-၅၂၄၃၁၂၊ ဦးစိုးမြင့် ဖုန်း-၀၁-၅၆၅၂၄၈၊ ဦးကျင်သိန်း ဖုန်း-၀၁-၅၄၃၄၀၁၊ ဒေါ်ရီရီလှ ဖုန်း-၀၁-၂၉၇၄၁၃နှင့် ကိုရဲဝင်းနိုင် ဖုန်း-၀၁-၇၂၆၁၅၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# ဂရင်းရွိုင်ရယ် စပါယ်ရှယ် ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

GRAND ROYAL
SPECIAL RESERVE
Golf Championship

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co.,Ltd. နှင့် Han Event Management တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2004-2005) ပထမပွဲစဉ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၀ရက် နံနက် ၆ နာရီက မြို့တော်ဂေါက်ကွင်း (မြကန်သာ)တီခုံအမှတ်(၁)၌ ကျင်းပသည်။

**ဖွင့်လှစ်ပေး**

ဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ အမှုဆောင်ဦးကိုကိုလေးနှင့် I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်တို့က ဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးကြသည်။ ပြိုင်ပွဲကို နှစ်ရက်ကျင်းပရာ ပထမနေ့ပွဲစဉ်၌ ပြိုင်ပွဲဝင် ၁၂၀၊ ဒုတိယ နေ့ပွဲစဉ်၌ ပြိုင်ပွဲဝင် ၁၀၄ ဦး စုစုပေါင်း ၂၂၄ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။



**ဂရင်းရွိုင်ရယ် စပါယ်ရှယ် ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ဖွင့်ပွဲ အခမ်းအနားတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးစဉ်။** (က-ပ)

**ဆုများချီးမြှင့်**

ဂရင်းရွိုင်ရယ်စပါယ်ရှယ် ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် ညနေ ၆ နာရီက မြို့တော် ဂေါက်ကွင်း (မြကန်သာ)၌ ဆက်လက်ကျင်းပရာ I.B.T.C ကုမ္ပဏီမှ အရည်အသွေးထိန်းသိမ်းမှု ဒါရိုက်တာ ဦးတင့်ဦးက အနီးဆုံးရိုက်ချက်ဆုရရှိသော ဦးဖိုးကံ၊ အဝေးဆုံးရိုက်ချက် ဆုရရှိသော ဦးရဲလွင်တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် I.B.T.C ကုမ္ပဏီမှ အရောင်းနှင့် ဈေးကွက်ဒါရိုက်တာ ဦးမိုးသန်းချစ်က Most Par ဆုရရှိသော ဦးကိုကိုအောင်၊ Most Birdies ဆုရရှိသော ဦးဇော်မင်းအေး၊ Most Eagle ဆုရရှိသော ဦးကျော်ဆန်းလွင်တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ I.B.T.C ကုမ္ပဏီမှ ထုတ်လုပ်မှုဒါရိုက်တာ ဦးဇော်ထိုက်က နှစ်သိမ့်ဆု ရရှိကြသော ဦးခင်ဇော်ဝင်း၊ ဦးအုန်းခေါင်၊ ဦးဇော်ဇော်လတ်၊ ဦးစိုင်းမြင့်အောင်နှင့် ဦးစံလွင်တို့အား လည်းကောင်း၊ Han Golf Masters Pte.,Ltd,မှ မန်နေဂျင်းဒါရိုက်တာ ဦးချမ်းဟန်က နှစ်သိမ့်ဆု ရရှိသော ဦးအေးမင်း၊ ဦးဇော်ဝင်းရှိန်၊ ဦးဝင်းစိန်၊ ဦးဇော်မင်းနှင့်ဦးအုန်းရွှေတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် I.B.T.C ကုမ္ပဏီမှ အုပ်ချုပ်မှုနှင့် ငွေစာရင်းဒါရိုက်တာ ဦးလွင်အောင်အေးက တတိယဆုရရှိသော ဦးသိန်းလင်းထွန်းအား လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က ဒုတိယဆုရရှိသော ဦးကျော်ဆန်းလွင်အား လည်းကောင်း၊ I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ပထမရရှိသောဦးဇော်မင်းအေးအား လည်းကောင်း ဆုများချီးမြှင့်သည်။

**ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်၌ ပထမဆုရရှိသွားသော ဦးဇော်မင်းအေးအား I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ဆုပေးအပ်ချီးမြှင့်စဉ်။** (က-ပ)

ဆက်လက်၍ I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်မိုးက ပြိုင်ပွဲလက်ခံကျင်းပပေးသော မြို့တော်ဂေါက်ကွင်းအား အမှတ်တရ လက်ဆောင်ပေးအပ်ရာ မြို့တော်ဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးမျိုးမြင့်က လက်ခံရယူသည်။

**ကူညီပံ့ပိုးပေး**

ဂရင်းရွိုင်ရယ် စပါယ်ရှယ် ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို Co-sponsors များ ဖြစ်ကြသော Air Mandalay၊ Popa Aqua၊ Crusher Club၊ Soda Ping နှင့် Traders Hotel တို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည်။ **(မြန်မာ့အလင်း)**

# စီမံခန့်ခွဲမှု အထောက်အကူပြု သတင်းစနစ် ပုံစံပြင်ဆင်ဖြည့်စွက်ချက် ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်း စီမံခန့်ခွဲမှုအထောက်အကူပြု သတင်းစနစ်ပုံစံ ပြင်ဆင်ဖြည့်စွက်ချက် ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီခွဲ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာအခမ်းအနားတွင် ကျန်းမာရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်း အခြေအနေများကို တင်ပြကာ သက်ဆိုင်ရာစီမံချက်မန်နေဂျာက စီမံချက်နှင့် ပတ်သက်ပြီး ရှင်းလင်း ဆွေးနွေးကြသည်။ **(က-ပ)**



## အင်ဂျင်နီယာများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

အင်ဂျင်နီယာ တက္ကသိုလ်များဖြစ်သော ရန်ကုန်စက်မှုတက္ကသိုလ်၊နည်းပညာတက္ကသိုလ်မှ အင်ဂျင်နီယာ၊ ဗိသုကာကျောင်းသူ ကျောင်းသားဟောင်းများသည် တာဝန်ထမ်းဆောင်ပြီး၊ ထမ်းဆောင်ဆဲ အသက်(၅၈)နှစ်နှင့်အထက် ဘာသာရပ်အသီးသီးမှ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။ မိတ်ဆုံညစာစားပွဲကို Dusit Inya Lake Resort Hotel၌ ၎င်းနေ့ ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဦးဝင်းခိုင် ဖုန်း–၅၇၉၀၃၉၊ ဦးဇော်မင်း၊ဦးလှဝင်း ဖုန်း–၅၇၁၉၉၅၊ ၅၇၁၉၉၀၊ ဖက်စ်– ၅၇၁၂၈၈၊ zawmin@uegroup.com.mm ဦးစိုးသိန်း ဖုန်း–၇၂၀၂၅၉၊ ၅၁၂၈၈၈၊ soethein@ mba-mm.com တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲပင့်လျှောက်

**ရန်ကုန် နိုဝင်ဘာ ၂၅**

တိပိဋကဓမ္မရက္ခိတအဖွဲ့တည်ရှိရာ အမှတ် ၁၅ ကြားတောရလမ်း ဗဟန်းမြို့နယ်၌ ယခုနှစ်ကျင်းပမည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ဖြေဆိုတော်မူကြမည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ စာပြန်၊ စာဖြေ သံဃာတော်များကို နိုဝင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၁၁ ရက်အထိ ကြွရောက်ပါရန် ပင့်လျှောက်လွှာများ ပေးပို့ထားပြီးဖြစ်သော်လည်း ကြိုတင်ပင့်လျှောက်လွှာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အဖွဲ့တည်ရှိရာသို့ ကြွရောက်သီတင်းသုံးပါရန် ပင့်လျှောက်ထားသည်။

(၅၇)ကြိမ်မြောက် စာပြန်၊စာဖြေ သံဃာတော်များ တစ်နေ့တာဆွမ်းဆက်ကပ်နိုင်ရေးအတွက် ဆွမ်းအလှူရှင်များအနေဖြင့် တိပိဋကဓမ္မရက္ခိတအဖွဲ့ ဖုန်း–၂၄၈၂၂၄၊ ၃၈၂၁၁၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## (၁၄)ကြိမ်မြောက် အောင်သော်တာ သီလရှင်လှူပွဲ

သီလရှင်ဘွားရိပ်သာမှ အဘွားများ၊ သီလရှင်စာသင်သားများအား ဝတ်စုံနှင့် စာအောင်ဆုနှင်းပွဲကို ၁၃၆၆ခု နတ်တော်လဆန်း ၁ ရက်(ဒီဇင်ဘာ ၁၂ရက်) တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဘိက္ခုနီ ရဟန်းမိန်းမသာသနာ အဆက်ပြတ်ခြင်း လေးမျိုးတွင် ဒါယကာ ဒါယိကာမများ၏ စောင့်ရှောက်လှူဒါန်းမှုနည်းပါးခြင်းဟု စာပေ၌ပါရှိပါ၍ ဘိက္ခုနီသာသနာနွယ်ဝင် သီလရှင်များကို အဆက်မပြတ်ရအောင် ရိုးရိုးဝတ်စုံ ကျပ် ၁၅၀၀၊ ကျပ် ၂၀၀၀၊ အထူးကျပ် ၂၅၀၀ နှုန်းဖြင့် ဝိုင်းဝန်းကူညီအားပေးလှူဒါန်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဒေါ်နန္ဒသိင်္ဂီ(မွှော်စရိယ)**
**ပဓာနနာယကကြီး**
**သုံးပန်လှအောင်သော်တာသီလရှင်စာသင်တိုက်**
**၆/၁၀၊ မဲခေါင်လမ်း၊ ရွှေပြည်သာမြို့၊ ရန်ကုန်။**

## ပြည်မြို့ ရွှေဆံတော်စေတီတော် ရွှေသင်္ကန်းကပ်လှူပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ပြည်မြို့ ရွှေဆံတော်စေတီတော်အား ရွှေသင်္ကန်းကပ်လှူရန်အတွက် အများပြည်သူ လှူဒါန်းငွေများကို နိုဝင်ဘာ ၂၉ ရက်တွင် စေတီတော်၏ ရင်ပြင်တော် အင်္ဂါထောင့်ရှိ ဓမ္မာရုံကြီး၌ လှူဒါန်းမည်ဖြစ်ပြီး ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလထံမှ ရေစက်ချအနုမောဒနာတရားနာယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## စန်းသော်တာဦး(M.B.A.I)အတွက် မွေးနေ့ဆုမွန်

အာကာနဘံ၊ မိုးထက်ယံ၌
စန္ဒာလမင်း၊ ပပဝင်းသို့
အဆင်းကြည်လင်၊ ဖြူစင်နုလုံး
စဉ်ချိုပြုံးသာ၊ ချစ်ဆုံးသည်းချာ
"စန်းသော်တာ"သည်၊ ရာကျော်အသက်ရှည်စေသော်။
ပညာမြင့်သထက်၊ မြင့်စေသော်။

**ဖေဖေ – ဦးသာထွန်းဦး**
**မေမေ – ဒေါ်မြင့်မြင့်**
**မွေးစားဖခင် – ဦးခင်မောင်တင်**

## မင်္ဂလာဆုတောင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဖေဖေဦးသိန်းလွင်နှင့် မေမေဒေါ်နွဲ့နွဲ့ဟန်တို့၏ ၂၆–၁၁–၂၀၀၄ရက်တွင် ကျရောက်မည့် နှစ် (၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်လာမည့်နှစ်ပေါင်းများစွာတိုင် ချစ်သမီးများနှင့်အတူ ပျော်ရွှင်စွာ ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ခြွေလျက်–

**ချစ်သမီးကြီး – ငြိမ်းအိအိလွင်(စူးစူး)**
**ချစ်သမီးငယ် – ဇင်နွယ်လွင်(တူးတူး)**




## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးတင်ဦး–ဒေါ်တင်တင်နွယ်တို့၏သားကြီး

**မောင်ဗညားတင်ဦး** (Uniteam Marine Ltd.)

နှင့်

ရန်ကုန်မြို့နေ (ဦးကျော်ဂျီတင်ဝင်း)–ဒေါ်မြင့်မြင့် [အလုပ်ရုံခွဲမှူး(ငြိမ်း)၊ဖောင်တိန်နှင့်မင်စက်ရုံစက်မှု(၁)]တို့၏ တစ်ဦးတည်းသောသမီး

**မချောစုဝင်း** (B.A, History) DA(LCCI,UK)

တို့သည် ၁၈–၁၁–၂၀၀၄ရက်တွင် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ တရားရုံးချုပ်တရားသူကြီးဦးခင်မြင့်၏ ရှေ့မှောက်တွင်လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဗညားတင်ဦး–မချောစုဝင်း။**

## မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသီလဝါ ဝန်ထမ်းကြိုပို့မော်တော်ယာဉ်များအတွက် တင်ဒါခေါ်ယူခြင်း

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါမှ ဝန်ထမ်းများကို သယ်ယူပို့ဆောင်ရန်အတွက် ကြိုပို့ မော်တော်ယာဉ်များ ချိပ်ပိတ်တင်ဒါ တင်သွင်းရန် ကားပိုင်ရှင်များအား ဖိတ်ခေါ်အပ်ပါသည်။ လိုအပ်သည်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ လိုအပ်သည့်ဘတ်စ်ကားအရေအတွက် – ၆ စီး
၂။ ဘတ်စ်ကားအမျိုးအစား – ၂၅ ယောက်စီး(လေအေးစက်တပ်ဆင်သည့်ကား) (Hino-Rainbow, Nissan-Civilian, Mitsubishi-Rosa)
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသီလဝါ၏ စီမံရေးရာဌာနတွင် ရုံးချိန် အတွင်း ၂–၁၁–၂၀၀၄ရက်မှစတင်၍ ရရှိနိုင်ပါသည်။
၄။ ကားပိုင်ရှင်သည် မိမိ၏ကိုယ်ပိုင်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသော မော်တော်ယာဉ် တစ်စီးဖြစ်စေ သို့မဟုတ် အများဆုံး ခြောက်စီးအထိဖြစ်စေ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါမှ ထုတ်ပေးသည့် တင်ဒါပုံစံဖြင့် တင်ဒါတင်သွင်းရပါမည်။
၅။ ချိပ်ပိတ်တင်ဒါကို ကား၏ဓာတ်ပုံနှင့် တကွ အောက်ပါလိပ်စာသို့ တင်သွင်းရမည်ဖြစ်ပြီး ၂၄–၁၂–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ပိတ်ပါမည်။

**တင်ဒါကော်မတီ၊ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါ**
**ဆိပ်ကမ်းအမှတ် ၅–၉ သီလဝါ၊ ကျောက်တန်းမြို့နယ်၊**
**ရန်ကုန်။**
**ဖုန်း–၀၅၆–၂၅၂၄၅ မှ ၂၅၂၅၂**





# ကျောင်းကုန်းမြို့နယ် ပေါက်တောကျေးရွာ စာကြည့်တိုက်ဖွင့် ထိန်းသိမ်းစောင့်ရှောက်ရေးနည်းပညာများ ပို့ချမည်

ကျောင်းကုန်း နိုဝင်ဘာ ၂၁

**မြင့်မြတ်ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာ ၁၇ရက်က ကျောင်းကုန်းမြို့နယ် ကျုံတာအုပ်စု ပေါက်တောကျေးရွာတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်တင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစောစီးပလုတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**

(အပေါ်ပုံ)

## ဟောပြောပွဲကျင်းပ

ဆက်လက်၍ ဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်တင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က အနာဂတ်မျိုးဆက်သစ် လူငယ်များအတွက် ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ခြင်းဖြင့် တန်ဖိုးမဖြတ်နိုင်သည့် စာပေ၊ စကား၊ ယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်၊ အတွေးအခေါ်၊ အကြားအမြင်၊ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာပုံကို ဟောပြောကြသည်။

## သင်တန်းပို့ချပေးမည်

အလားတူ ရုံးပင်အုပ်စု ရုံးပင်ကျေးရွာ ပညာမဏ္ဍိုင်စာကြည့်တိုက် ဖွင့်လှစ်ပေးပြီး၊ ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်တာဝန်ခံများအား စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စာအုပ်စာပေများ တိုးတက်လာစေရေးတို့အတွက် စာကြည့်တိုက် ထိန်းသိမ်းရေး နည်းပညာများကို သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

(၂၆၅)

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရေး တာဝန်ပေး

ဝက်လက် နိုဝင်ဘာ ၁၀

**စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ၂၀ရက် နံနက် ၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ရွှေ က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းအောင်က ၂၀၀၄-၂၀၀၅ ခုနှစ် ဆောင်းသီးနှံစီမံကိန်းတာဝန်ကျသီးနှံများ စိုက်ပျိုးရေး၊ စခန်းနယ်မြေ ရှစ်ခုအလိုက် တောင်သူတစ်ဦးချင်းတာဝန်ပေးအပ်ရေး၊ နွေစပါးစိုက်ပျိုးရေး၊ ရေရရှိရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆောင်းသီးနှံ စိုက်ပျိုးရေးစီမံကိန်း တာဝန်များကို တောင်သူတစ်ဦးချင်းအား တာဝန်ရှိသူများက ပေးအပ်ကြသည်။ **(က-ပ)**



**ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှု အောက်ရှိ ဘုရားသုံးဆူမြို့တွင်း လမ်းများ လမ်းပေါက် ဖာထေးခြင်းကို အောက်တိုဘာ ၂၉ ရက်က တာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၃)ဦးဇော်မင်းထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

**နိုဝင်ဘာ၁၅ရက်ကမြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရန်နိုင်အေး ဖြတ်လမ်း(၁) ကတ္တရာခင်းခြင်း လုပ်ငန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် အမှုဆောင်အရာရှိ ဦးမိုးဟိန်းတို့ ကွင်းဆင်းကြည့်ရှုရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကိုက ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

# တောင်ကုတ်မြို့နယ်၌ စာကြည့်တိုက်များဖွင့် ရည်ရွယ်ချက်နှင့် သိကောင်းစရာများရှင်းလင်း

**တောင်ကုတ် နိုဝင်ဘာ ၁၅**

တောင်ကုတ်မြို့နယ် သလိန်ပြင်ကျေးရွာအုပ်စုနှင့်ဝက်ကျိတ်ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက်က သလိန်ပြင်ကျေးရွာရုံးနှင့် နေ့လယ်ပိုင်းတွင် ဝက်ကျိတ်ကျေးရွာရုံးတို့၌ ကျင်းပကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် တောင်ကုတ်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးလှရွှေ၊ သလိန်ပြင်ကျေးရွာဥက္ကဋ္ဌ ဦးချစ်ထွေးနှင့် ဝက်ကျိတ်ကျေးရွာစာကြည့်တိုက်အသင်းဥက္ကဋ္ဌဦးသိန်းမောင်တို့က စာကြည့်တိုက်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်ဦးစီးမှူးဦးလှရွှေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာပေအကြောင်းသိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဦးစီးမှူးဦးလှရွှေက သလိန်ပြင်ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ် ၈၃ အုပ်၊ ဝက်ကျိတ်ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ် ၉၁ အုပ်တို့ကို ကျေးရွာစာကြည့်တိုက်ကော်မတီများထံ ပေးအပ်လှူဒါန်းကြသည်။

## လက်ခံရယူ

ဝက်ကျိတ်ကျေးရွာ စာကြည့်တိုက်အတွက် အလှူရှင်ဦးထွန်းရွှေ၊ ဦးသိန်းကျော်နှင့် ဦးသိန်းမောင်တို့က သုတ၊ရသစာပေနှင့် မဂ္ဂဇင်း၊ ဂျာနယ် ၁၃၉ အုပ်ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာစာကြည့်တိုက်မှူးက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပညာဂုဏ် ကျေးလက်စာကြည့်တိုက်ဖွင့်

**သာစည် နိုဝင်ဘာ ၅**

ပညာဂုဏ် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၁၆ရက် နံနက် ၁၀နာရီက သာစည်မြို့ နွားထိုးအင်းကုန်း ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(က-ပ)**



**အောက်တိုဘာ ၇ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းနိုင် တို့က ဆေးရုံ လမ်းခင်းခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(နယ်စပ်/ စည်ပင်)

# ငပုတောမြို့နယ်အတွင်း စာကြည့်တိုက်များဖွင့်လှစ်

**ငပုတော နိုဝင်ဘာ ၂၀**

ငပုတောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ခရင်ဝါးချောင်းကျေးရွာအုပ်စု ပညာရိပ်မြုံစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ရက်က ကျင်းပရာ မြို့နယ်ဆည်မြောင်း ဦးစီးဌာနမှ ဦးထိန်လင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာလာဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအင်စွမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ခရင်ဝါးချောင်းအုပ်စု ပညာရိပ်မြုံစာကြည့်တိုက်တွင် စာကြည့်တိုက် ပညာဆင့်ပွားသင်တန်း အမှတ်စဉ်(၂/၂၀၀၄)ကို ဖွင့်လှစ်ပို့ချပေးပြီး စာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ပေးပို့လှူဒါန်း သောစာအုပ်၊ စာစောင်များကို မြို့နယ်ဦးစီးမှူး ဒေါ်မာလာဝင်းက ကျေးရွာဥက္ကဋ္ဌ ဦးအင်စွမ်းသို့ ပေးအပ်လှူဒါန်းသည်။

အလားတူ ရေကျော်ကြီးကျေးရွာအုပ်စုတွင် "အလင်းသစ်"စာကြည့်တိုက်၊ အဝဘိတ်ကျေးရွာအုပ်စုတွင် "တက်နေဝင်း"စာကြည့်တိုက်တို့ကို ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး အချိန်ယူကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သဖြင့် ပြည့်စုံလုနီးပါးဖြစ်နေပြီ ညီလာခံကြီးအောင်အောင်မြင်မြင်ကျင်းပပြီးစီးသည်အထိ ပူးပေါင်းဆောင်ရွက်

**ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအပြီး ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံတွင် အသုံးပြုမည့် ထေရဝါဒဗုဒ္ဓသာသနာတော်ဆိုင်ရာ စာအုပ်စာတမ်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အမှတ်တရပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**ရန်ကုန် နိုဝင်ဘာ ၂၅**

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမ၌ကျင်းပရာ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်မှာကြားသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ ❍**

## အကျဉ်းသား ၅၃၁၁ ဦးတို့အား အပြစ်ဒဏ်ကျခံနေရခြင်းမှရပ်စဲပေး

**ရန်ကုန် နိုဝင်ဘာ ၂၅**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက် (၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက်)တွင် ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။

**ပြန်လည်လွှတ်ပေး**

အဆိုပါ အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ ဆောင်ရွက်ခဲ့မှုများအနက် မလျော်မကန်သောဆောင်ရွက်မှုများပါဝင်ကြောင်းသုံးသပ်ရရှိသည်။ ထို့ကြောင့် ယင်းမလျော်မကန်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြီး အကျဉ်းသား ၅၃၁၁ ဦးတို့အား ယနေ့မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်(၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်)မှစ၍ ပြစ်ဒဏ်ကျခံနေခြင်းကို ရပ်စဲပေးလိုက်ပြီး သက်ဆိုင်ရာ အကျဉ်းစခန်းအသီးသီးမှ ဒုတိယအကြိမ် ပြန်လည်စေလွှတ်ပေးသွားမည် ဖြစ်သဖြင့် ပထမအကြိမ်စေလွှတ်ပေးခဲ့သော အကျဉ်းသား ၃၉၃၇ ဦး အပါအဝင် စုစုပေါင်း ၉၂၄၈ ဦး ရှိသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ ဆွေဆွေသန့် ရွှေတံဆိပ်ဆုထပ်မံဆွတ်ခူးရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ (The 6th Asian Wushu Championship 2004)ပွဲစဉ်များကို ယနေ့နံနက်၉နာရီမှစတင်၍ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ ယနေ့နံနက်ပိုင်းပွဲစဉ်များအပြီးတွင် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားမယ် ဆွေဆွေသန့်က မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိသွားသည်။




**ချီးမြှင့်ပေးအပ်**

အမျိုးသမီးထောက်လု(နန်းတောင်း)ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဆွေဆွေသန့်က ၉ ဒသမ ၃၅ မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ ဗီယက်နမ်မှ Nguyen Thi Ngoc Oanh က ၉ ဒသမ ၂၈ မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်၊ မကာအိုမှ

**စာမျက်နှာ ၁၃ ကော်လံ ၃ ●**

**(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ အမျိုးသမီးထောက်လု(နန်းတောင်း) ကစားနည်းပြိုင်ပွဲတွင် ပထမဆွတ်ခူးသွားသော မြန်မာနိုင်ငံမှ ဆွေဆွေသန့်အား ဆုယူအပြီးတွေ့ရစဉ်။** (မြန်မာ့အလင်း)

## တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံ ပြိုင်ပြိုင်ဆိုင်ဆိုင် လွှတ်တင်ယှဉ်ပြိုင်

**သတင်းဆောင်းပါး-ခရမ်းစိုးမြင့်၊ ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း**

**ရန်ကုန် နိုဝင်ဘာ ၂၅**

ဟေမန္တရာသီဖြစ်သည်။

တောင်ကြီးမြို့၏ ဆောင်းညသည် ခိုက်ခိုက်တုန်မျှချမ်းအေးနေ၏။ သို့သော် တန်ဆောင်မုန်းလပြည့်ညဖြစ်၍ ကောင်းကင်တစ်ခွင်၌ လစန္ဒာ၏အလင်းရောင်ကြောင့် ဆီးနှင်း၊မြူ၊တိမ်၊သူရိန်မီးခိုးများကင်းစင်ပြီး ကြည်လင်ဝင်းပလျက်ရှိသည်။

**ရိုးရာပွဲတော်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၏ မြို့တော် တောင်ကြီးတွင်နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာဘုံကထိန်နှင့် တန်ဆောင်တိုင်ပွဲတော်ကြီးကို နှစ်စဉ် တန်ဆောင်မုန်းလတွင် ကျင်းပလေ့ရှိရာ ပြည်ထောင်စုတိုင်းရင်းသားများဖြစ်ကြသည့် ဗမာ၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနုနှင့် အင်းသားများ အပါအဝင် တိုင်းရင်းသား လူမျိုးပေါင်းစုံ စည်ကားသိုက်မြိုက်စွာ သိုက်သိုက်ဝန်းဝန်း ပါဝင်ဆင်နွှဲကြသည့် ရိုးရာပွဲတော်တစ်ခုဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၄ ■**



**တောင်ကြီး မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြီးကဏ္ဍမှပါဝင်ယှဉ်ပြိုင်မည့် မီးပုံးပျံစတင်လွှတ်တင်နေစဉ်။**
(ဓာတ်ပုံမှတ်တမ်း - ရွှေအင်းသားခင်မောင်ဝင်း)



**တောင်ကြီး မီးပုံးပျံပြိုင်ပွဲတွင် အရုပ်ကဏ္ဍမှ ပါဝင်ယှဉ်ပြိုင်ခဲ့သော ငှက်ရုပ်မီးပုံးကို ကောင်းကင်၌ ဤသို့တွေ့ရသည်။**
(ဓာတ်ပုံမှတ်တမ်း - ရွှေအင်းသားခင်မောင်ဝင်း)